**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၈)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များစုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာစီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။ **စာမျက်နှာ ၅ ကော်လံ ၄ ⊃**

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရက်အတွင်း မြန်မာ့မီးရထားမှ ရှုခင်းကြည့် (Sight Seeing) အပျော်စီးရထားကို တောင်ကြီး-ပေါမူ-တောင်ကြီး ခရီးစဉ်အဖြစ် နိုဝင်ဘာလ ၁ ရက်မှ ၄ ရက်အထိ စတင်ပြေးဆွဲလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး (အသွား/အပြန်) ရထားခရီးစဉ်ကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာလ ၁ ရက်မှစတင်၍ ၄ ရက်အထိ ပြေးဆွဲပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးဘူတာမှ စတင်ထွက်ခွာပြေးဆွဲပေးသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီ မိနစ် ၃၀ ခန့်ကြာမြင့်ပြီး လမ်းခရီးတွင် **စာမျက်နှာ ၅ ကော်လံ ၁ ●**

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

**အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) တို့ရရှိ**

စာ - ၁၀ သို့

## ရထားဖြင့်ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

စာ - ၁၄ သို့

## ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

စာ - ၁၀ သို့


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်)

# နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏မောင်းနှင်အား

နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတမည်မျှပင်ပေါကြွယ်စေကာမူ လူသားအရင်းအမြစ်ကြွယ်ဝမှုမရှိလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးကြိုးပမ်းလျက်ရှိသည်။ လူသားအရင်းအမြစ်ကြွယ်ဝစေရေးအတွက် မျိုးဆက်သစ်လူငယ်များကို ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍအရှိန်အဟုန်မြင့်မားစေရေးကိုရှေးရှုလျက်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူငယ်များကိုမြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏မောင်းနှင်အားများဖြစ်လာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့လူငယ်များကို အကျိုးရှိရှိရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင်လူဦးရေဆုလာဘ်၏ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကိုလျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှုလျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေးဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂဟူသောဗလငါးတန်ပြည့်ဝနေသူသည် ပညာတတ်မြောက်ခြင်းနှင့်အတူ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသူဖြစ်သည့်အတွက် လူမှုပတ်ဝန်းကျင်တွင်အဆင်ပြေစွာရှိနေမည်ဖြစ်သည်။ မိမိနိုင်ငံအတွက် အဖိုးတန်သည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာနိုင်ပေမည်။ ဘက်စုံပညာရေးစနစ်သည် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ပေးနေသည့်စနစ်ဖြစ်သည်။ ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ကိုမလွဲမသွေဖန်တီးပုံဖော်ကြရမည့်မျိုးဆက်များဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိကိုယ်ကိုကောင်းအောင်အမြဲတမ်းကြိုးစားနေကြရမည်ဖြစ်သည်။ ပညာပြည့်ဝအောင်ဖြည့်ဆည်းထားနိုင်မှ နှလုံးလှသူဖြစ်လာမည်။ ပညာဆိုသည်မှာ ဘောင်အကန့်အသတ်မရှိ နက်ရှိုင်းကျယ်ပြန့်လှသည်။ မိမိ၏ကြိုးစားအားထုတ်မှု ကာယစွမ်းအား၊ ဉာဏစွမ်းအားပေါ်မူတည်ပြီး ထူးချွန်ထက်မြက်မည်ဖြစ်သည်။ နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်တည်ဆောက်လျက်ရှိရာတွင် အသိပညာတစ်ခုတည်းဖြင့်တည်ဆောက်၍မရနိုင်သလို အတတ်ပညာတစ်ခုတည်းဖြင့်လည်းတည်ဆောက်၍မရနိုင်ပေ။ အသိပညာနှင့်အတတ်ပညာနှစ်မျိုးပေါင်းစပ်ပြီး နှံ့နှံ့စပ်စပ်ကျွမ်းကျင်တတ်မြောက်ထားမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်လူ့ဘောင်အဖွဲ့အစည်းကိုတည်ဆောက်နိုင်ပေမည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့၏ပန်းတိုင်ရည်မှန်းချက်ကိုရောက်အောင်မဖြစ်မနေကြိုးစားကြရမည်ဖြစ်သည်။ ပညာသင်ကြားရမည့်အရွယ်တွင် ပညာကိုထွန်းထွန်းပေါက်ပေါက်ဖြစ်အောင်ကြိုးစားကြမှသာ မိမိတို့ဘဝနောင်ရေး၊ နိုင်ငံတော်၏အနာဂတ်အရေးလှပမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူငယ်များနှင့်ပတ်သက်လာလျှင်အထူးပင်အလေးထားပြုစုပျိုးထောင်လျက်ရှိသည်။ လူငယ်များနှင့်အနီးကပ်ဆုံးဆက်စပ်နေသည်မှာ ပညာရေးကဏ္ဍဖြစ်သည်။ ပညာရေးအားကောင်းလာမှသာလျှင် လူသားအရင်းအမြစ်ကောင်းများကိုလည်းရရှိနိုင်မည်ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံအတွက်ရေရှည်အနာဂတ်အကျိုးကိုကြည့်၍စီမံဆောင်ရွက်ပေးလျက်ရှိသည်။ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပညာရေးဆုံးခန်းတိုင်မှုများရှိနေခြင်းမျိုးမဖြစ်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုပညာသင် အထက်တန်းကျောင်းများဖွင့်လှစ်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယခုအခါ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိသည့် ကျောင်းသား၊ ကျောင်းသူများမှာ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း လူဦးရေ ၅ သန်းခန့်ရှိနေသည်။ အဆိုပါလူငယ်များ၏အနာဂတ်နှင့်နိုင်ငံတော်အနာဂတ်ပိုမိုကောင်းမွန်စေရေးအတွက် ၎င်းတို့အားသက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိသည်။ ကွန်ပျူတာနှင့်နည်းပညာကိုပေါင်းစပ်ထားသည့် Polytechnic University များကိုဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင်အောင်မြင်မှုများရှိခဲ့ပြီး အကျိုးရလဒ်များကိုတွေ့မြင်ရပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်ပေးလျက်ရှိပေရာ လူငယ်များအနေဖြင့် ကိုယ်စီအရည်အချင်းများပြည့်ဝအောင်ကြိုးစားကြမည်ဆိုပါက နိုင်ငံတော်၏အနာဂတ်တွင်စွမ်းရည်ပြည့်ဝသောနိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ် **နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏မောင်းနှင်အားများ** ဖြစ်လာမည်ဟုမျှော်လင့်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၅၆**

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ဆေးဘက်ကျွမ်းကျင် - ၃ ဓာတ်မှန်နှင့် ဆေးစပ်သင်တန်းဆင်းပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် ဆေးဘက်ကျွမ်းကျင်-၃ ဓာတ်မှန်နှင့် ဆေးစပ်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ကြပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆေးဘက်ကျွမ်းကျင်-၃ ဓာတ်မှန်သင်တန်းတွင် ပထမဆုရရှိသူအားလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က ဆေးဘက်ကျွမ်းကျင်-၃ ဆေးစပ်သင်တန်းတွင် ပထမဆုရရှိသူအားလည်းကောင်း ဂုဏ်ပြုငွေများပေးအပ်သည်။

အဆိုပါ ဆေးဘက်ကျွမ်းကျင်-၃ ဓာတ်မှန်သင်တန်းတွင် သင်တန်းသား ၁၈ ဦးက သင်တန်းကာလခြောက်လကြာ တက်ရောက်ပြီး ဆေးဘက်ကျွမ်းကျင်-၃ ဆေးစပ်စာတွေ့သင်တန်းတွင် သင်တန်းသား ၁၀ ဦးက သင်တန်းကာလ နှစ်လကြာ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၁)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိုပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ MSMEs ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

တန်ဆောင်တိုင် MSMEs ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSMEs လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် စက်မှုဇုန်များမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ MSMEs ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSMEs လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ MSMEs by G3G App ဆိုင်ခန်းများ၊ Wendy Online Shop ဆိုင်ခန်းများမှ Online Marketplace နှင့် Digital Marketing နှင့်ပတ်သက်၍ ဆွေးနွေးမှုများ၊ စားအုပ်အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ စုစုပေါင်းဆိုင်ခန်းပေါင်း ၆၃၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း MSMEs လုပ်ငန်းရှင်များအတွက် Talk Show အစီအစဉ်များပါဝင်ပြီး ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုနိုင်မည်ဖြစ်ကာ အဖိတ်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် မီးပုံးပျံလွှတ်တင်မည့်အစီအစဉ်နှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများပါဝင်မည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲအား နိုဝင်ဘာလ ၁ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိပြီး ပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို၊ အပို့ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ခင်မောင်တင်**

# ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် ၂၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်စတော့အိတ်ချိန်း၌ အောက်တိုဘာလစတုတ္ထပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၄၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ အောက်တိုဘာလ ၂၇ ရက်မှ ၃၁ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ် ၆၄၄၉၃၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၂၄၆၅ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၁၈၀၆၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၅၆၂၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၄၄၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၉၅၁၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၅၂၆၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၂၇၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၄၁၉၅၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၇၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၀၆၉၀၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၉၈၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၆၆၁၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၉၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၄၇၀၀၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၄၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း အများပိုင်ကုမ္ပဏီလေးခုမှာ အရောင်းအဝယ်ကျဆင်းခဲ့ပြီး ကျန်ကုမ္ပဏီလေးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံ၌ လူငယ်စကားဝိုင်းကျင်းပ

မြဝတီ နိုဝင်ဘာ ၁

ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတနှင့် ပညာဗဟုသုတ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာလ ၃၀ ရက်က ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အောင်မြေရွှေဘုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ မြဝတီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက ဦးဆောင်ဆွေးနွေးသူ အဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-10 မှ နန်းမေဖူးဇော်က လူငယ်နှင့်စာရိတ္တ၊ မောင်အောင်ခန့်မောင်က လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ Grade-9 မှ မောင်သူရက လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ်၊ Grade-8 မှ မအိမ့်မူရှားက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးသည်။ ယင်းနောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူငါးဦးတို့အား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဆရာကြီးကိုသတိရခြင်း

ဂျာမနီ၌ ဆေးရုံတက်ခဲ့ရခြင်းအကြောင်းကို ယခုဖော်ပြသည့်နေရာ အထိမှာ သက်သာသောအခြေအနေသို့ရောက်နေပြီဖြစ်ရာ ဤအခြေ အနေမရောက်မီက စိတ်၏ညှိုးငယ်ခြင်းဖြစ်ခဲ့ရပုံအကြောင်းကိုလည်း အနည်းငယ်ဖော်ပြလိုပါသေးသည်။ ဆေးရုံသို့ရောက်ခါစ၌ အဖော်များ ပြန်ကြပြီး ကျွန်ုပ်တစ်ယောက်တည်း တစ်ပြည်တစ်နိုင်ငံ၌ နေရစ်ရမည့် အဖြစ်ကို အတော်လေးဆွေးမိပါသည်။ လူကလည်း အားနည်း၊ ဆေးရုံဝန်ထမ်းများနှင့်လည်း မျက်မှန်းမတန်းမိသေး။ ဆေးရုံ အစားအသောက်များကိုလည်း မျိုမကျ၊ အနံ့တောင်မခံနိုင်၊ စိတ်အား ကိုယ်အားငယ်လျက်ရှိစဉ် အိပ်ရာပေါ်တွင် တောင်တောင်မြောက်မြောက် စဉ်းစားမိပါသည်။ အကယ်၍ ဤဒေသ၌သေဆုံးရလျှင် တစ်သက်တာ မှတ်တမ်းကိုလည်း အပြီးမသတ်နိုင်။ ဘာတရန်ရတ်ဆဲလ်အားဖြေရန် အတွက် စိတ်ကူးထားသည့် အကြံအစည်လေးများနှင့် အတွေ့အကြုံလေး များမှာလည်း အသုံးမချနိုင်ဘဲ အချည်းနှီးဖြစ်ရချေတော့မည် စသည် ဖြင့် ညှိုးငယ်သောစိတ်ကူးများဖြစ်ပေါ်လျက်ရှိစဉ် ဆရာကြီး သခင် ကိုယ်တော်မှိုင်းအား ဘွားခနဲသတိရမိသည်။ သတိရခြင်းကား တခြား ကြောင့်မဟုတ်။ ကျွန်ုပ်ရောက်ကတည်းက ဆရာကြီးတက်သွားသည့် ဆေးရုံဟူ၍ မကြာခဏအမှတ်ပြုမိသောကြောင့်ဖြစ်၏။ ငါသည် ဆရာကြီး၏ တပည့်ဆိုမှ တကယ့်တပည့်ဖြစ်သည်။ ၁၉၅၆ ခုနှစ်က မြန်မာပြည်အထက်ပိုင်းသို့ လှည့်လည်ကာ အတူတကွ ကမ္ဘာ့ငြိမ်းချမ်း ရေးတရားဟောကြခြင်း၊ သူရိယတိုက်၌ တစ်စားပွဲတည်းထိုင်၍ အလုပ် လုပ်ကြခြင်းတို့အပြင် ဆရာကြီးတက်ခဲ့သည့် ဆေးရုံသို့မမျှော်လင့်ဘဲ ရောက်ရ၍ ဆရာကြီး၏ခြေရာကို ကြည့်နင်းသည်ဆိုသော မြန်မာ စကားသည် ငါ့အဖို့ရာ၌ တည့်တည့်မတ်မတ်တိုက်ရိုက်ကြီး မှန်လျက် ရှိချေပြီတကား။ ဤအခန်းသည်ပင် ဆရာကြီးနေခဲ့ဖူးသည့် အခန်းဖြစ် လေမည်လော စသည်များဖြင့် ရောက်တတ်ရာရာ စဉ်းစားမိပါသေး သည်။ ဤသို့သော အတွေးအခေါ်များသည် တစ်နည်းအားဖြင့် လွမ်း ဆွတ်ခြင်းနှင့်ဆက်စပ်လျက်ရှိသည့်အတွက် အရသာတစ်မျိုးရှိ၏။ ထို့ကြောင့်လည်း ကျွန်ုပ်လက်ခံထားခြင်းဖြစ်၏။ အကယ်၍ ကျွန်ုပ်အား နှလုံးပူလောင်စေမည့် ဒုက္ခဝေဒနာမျိုးသက်သက် ဖြစ်ခဲ့ပါမူ ကျွန်ုပ်သည် တစ်မိနစ်အတွင်း မောင်းနှင်ဖယ်ရှားနိုင်သည့် နှလုံးသွင်းတရားလက်ကိုင် ထားသူတစ်ယောက်ဖြစ်ပါသည်။ အဘယ်ကြောင့် ချက်ချင်းမဖယ်ရှားဘဲ ဆင်းရဲခံဘိနည်းဟု မေးပြောအံ့။ အလွမ်းဝတ္ထုဖတ်သူများရှိခြင်းကို ထောက်၍ လွမ်းရခြင်းသည်လည်း အရသာတစ်မျိုးရှိသောကြောင့်ဟု ဖြေဆိုရပါမည်။

**အကယ်၍ ဤဒေသ၌သေဆုံးရလျှင် တစ်သက်တာ မှတ်တမ်းကိုလည်း အပြီးမသတ်နိုင်။ ဘာတရန် ရတ်ဆဲလ်အားဖြေရန်အတွက် စိတ်ကူးထားသည့် အကြံအစည်လေးများနှင့် အတွေ့အကြုံလေးများ မှာလည်း အသုံးမချနိုင်ဘဲ အချည်းနှီးဖြစ်ရချေ တော့မည် စသည်ဖြင့် ညှိုးငယ်သောစိတ်ကူးများ ဖြစ်ပေါ်လျက်ရှိစဉ် ဆရာကြီး သခင်ကိုယ်တော်မှိုင်း အား ဘွားခနဲသတိရမိသည်။ သတိရခြင်းကား တခြားကြောင့်မဟုတ်။ ကျွန်ုပ်ရောက်ကတည်းက ဆရာကြီးတက်သွားသည့် ဆေးရုံဟူ၍ မကြာခဏ အမှတ်ပြုမိသောကြောင့်ဖြစ်၏. . .**

### ညီနှင့် ဆုံမိကြပြန်ခြင်း

မတ်လ ၂၂ ရက်တွင် ကျွန်ုပ်ကောင်းစွာကျန်းမာလာပြီဖြစ်၍ မော်စကို သို့ လေယာဉ်ဖြင့်လိုက်ရန် စီစဉ်ထားပြီဖြစ်ရာ ထိုနေ့တွင် ရဲဘော် တစ်ယောက်နှင့် "ဂွတ်နိုက် အမျိုးသမီး"တို့ ဆေးရုံသို့လာရောက်ကြ၏။ ဆေးရုံဆင်းခါနီး၌ သူနာပြုဆရာမကြီး၊ ဆရာမလေးများနှင့် နှုတ်ဆက် ရာတွင် ၎င်းတို့သည် ကျွန်ုပ်၏ပစ္စည်းလေးများကို ကူညီသိမ်းဆည်း ပေးခြင်းအားဖြင့် ကျွန်ုပ်အပေါ်တွင် ကြင်နာခြင်းရှိကြောင်း ဖော်ပြရှာ ကြပါသေးသည်။ ကျွန်ုပ်သည် ထိုရက်သို့တိုင်အောင် ဝတ္ထုပစ္စည်းတစ်စုံ တစ်ခုမျှ (အမှတ်အသားအဖြစ်နှင့်) ဝယ်ယူရသေးခြင်းမရှိသည်နှင့် ဈေးဆိုင်များသို့အတူတကွ သွားရောက်ရှာဖွေကြပါသော်လည်း အဆင် သင့်သော ဝတ္ထုပစ္စည်းဆို၍ ဟုတ္တိပတ္တိမတွေ့သည်နှင့် တိပ်ရီကော်ဒါ တစ်လုံးနှင့် တိုလီမိုလီပစ္စည်း အနည်းငယ်မျှသာဝယ်ခဲ့ပါသည်။ တိပ်ရီ ကော်ဒါမှာ ချက်ချင်းအသုံးမဝင်သော်လည်း နှုတ်ဖြင့်ပြောသော အလေ့ အကျင့်လုပ်ပြီး တိပ်ရီကော်ဒါ၌ သွင်းထားခြင်းအားဖြင့် အလုပ်လျင်မြန် လိမ့်မည်ဟူသောအကြံနှင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ "ဂွတ်နိုက်"ကမူ ကျွန်ုပ်အတွက် စာရေးစက္ကူထည့်သည့် သားရေအိတ်တစ်လုံး လက်ဆောင်ပေးလိုက်ပေသည်။ ထိုနေ့ နာရီပြန်တစ်ချက်အချိန်တွင် မော်စကိုမြို့သို့ တတိယအကြိမ်ဆိုက်ရောက်သွား၍ လေဆိပ်တွင် ကျွန်ုပ်၏ညီကကြိုဆိုလျက်ရှိလေသည်။ ကျွန်ုပ်တို့နှစ်ဦးတွေ့ဆုံကြ ခြင်းမှာ ညီအစ်ကိုရင်းများ တွေ့ဆုံကြခြင်းထက် လှိုက်လှဲမှုလျော့ သည်မထင်ပါ။

### ကျွန်ုပ်စိတ်ကြီးဝင်လာပုံ

ဤတစ်ခေါက်တွင် ဘူဒါပဲ့စ်ဟိုတယ်၌ နေရာမရှိသည်နှင့် ဘူးခါးရဲ့စ် ဟိုတယ်သို့ခေါ်သွား၏။ ဤဟိုတယ်မှာ ကျွန်ုပ်တည်းခိုခဲ့ဖူးသမျှသော ဟိုတယ်များအနက်တွင် အညံ့ဆုံးဖြစ်၏။ သီးသန့်ရေချိုးခန်းမရှိ။ ဘုံရေချိုးခန်းမျှသာ ရှိလေသည်။ ကျွန်ုပ်ကား အတော်စိတ်ကြီးဝင်လျက် ရှိလေပြီ။ မိမိအိမ်တွင် ဟန်ရပန်ရ ရေချိုးခန်း တစ်ခုမျှမရှိပါဘဲလျက် ရေပူရေအေးရှိသေးသော ဘုံရေချိုးခန်းကိုပင် နှာခေါင်းရှုံ့ချင်သကဲ့သို့ ဖြစ်နေလေပြီ။ ကျွန်ုပ်သည် မနှစ်သက်သောအမူအရာမျိုးမဖော်ပြဖို့ ကြိုးစားသော်လည်း ညီက ရိပ်မိပုံရသည်။ တစ်ညအိပ်ပြီးနောက် နံနက်လင်းသောအခါ ကျွန်ုပ်အနည်းငယ် နေမကောင်းသလိုဖြစ်နေ၏။ စိတ်ထဲ၌ချမ်းသလိုလို အေးသလိုလိုလည်း ထင်မိ၏။ ညီရောက်လာ၍ ပြောပြရာတွင် သူသည် အခန်းကိုစစ်ဆေးစုံစမ်းသည်နှင့် ပြတင်းပေါက် မှန်တစ်ချပ်ကွဲလျက်ရှိခြင်းကိုတွေ့ရ၏။ မော်စကိုမြို့၌ ဟိုတယ်ပြတင်း ပေါက်များမှာ မှန်နှစ်ချပ်ထပ်တပ်လေ့ရှိရာ ကျွန်ုပ်၏အခန်းပြတင်း ပေါက်မှာ မှန်တစ်ချပ်ကွဲနေသည့်အတွက်ကြောင့် ကောင်းစွာလေမလုံ သဖြင့် ချမ်းအေးခြင်းဖြစ်သည်ဟုပြော၏။ သို့ဖြစ်၍ ညီသည် ချက်ချင်း သွား၍ပြောပြီး ကျွန်ုပ်အား တခြားအခန်းသို့ ရွှေ့ပြောင်းပေးလေသည်။ ညနေခင်း၌ ကျွန်ုပ်သည် 'ရှိန်းတဝဲဝဲ' အနေမျိုးဖြစ်လျက်ရှိရာ ညီရောက် လာ၍ ဆရာဝန်ခေါ်ဖို့ စီမံလေသည်။ ထိုအခိုက်တွင် မော်စကိုရေဒီယိုမှ မောင်ကြင်ဝေရောက်လာ၍ ညစာစားဖို့ဖိတ်ခေါ်လေရာ ကျွန်ုပ်မှာ မြန်မာထမင်းဟင်းစားချင်သော ဆန္ဒပြင်းထန်လျက်ရှိ၏။ သို့ဖြစ်၍ ညီအား ဆရာဝန်ခေါ်ဖို့ အစီအစဉ်ကို ဆိုင်းသင့်ကြောင်း၊ မြန်မာထမင်း ဟင်းလိုက်စားပြီး နေမကောင်းခြင်းတိုးလာမှ ဆရာဝန်ခေါ်စေလို ကြောင်း ပြောပြ၏။ သို့ဆိုလျှင် ဤဟိုတယ်၌မနေဘဲ သည့်ထက်ကောင်း သော ဟိုတယ်ရှာဦးမည်ဆိုကာ ညီဆင်းသွား၏။ နာရီဝက်ခန့်တွင် ညီပြန်လာ၍ ကျွန်ုပ်၏ပစ္စည်းများသိမ်းကြပြီးလျှင် ဝါဆောဟိုတယ်သို့ ပြောင်းရွှေ့ကြလေသည်။

### မြိန်လှသောထမင်းတစ်နပ်

မောင်ကြင်ဝေသည် ဝါဆောဟိုတယ်သို့အတူလိုက်လာ၍ ကျွန်ုပ်တို့ အား စောင့်ခေါ်ရာ သူ့အိမ်၌ အဆင်သင့်ရှိသော ဟင်းများကို ကျွန်ုပ်က မေးသည်တွင် တခြားဟင်းများအပြင် ကြက်သားရေချို၊ ပုန်းရည်ကြီးသုပ်၊ ငါးပိချက်ဟုပြောသဖြင့် ကျွန်ုပ်သွားရည်ကျလျက်ရှိလေပြီ။ (မောင်ကြင်ဝေ ၏ညစာမှာ ကြိုတင်ပြင်ဆင်ရခြင်းမဟုတ်။) ကျွန်ုပ်ရောက်သည်ဟုကြား၍ ချက်ချင်းလာတွေ့ရာတွင် ဖိတ်ခေါ်ရခြင်းဖြစ်လေသည်။ သို့နှင့် ကျွန်ုပ် သွားရည်ကျသည့် ဟင်းမျိုးပါရှိခြင်းမှာ အကြီးအကျယ်ကံကောင်းခြင်း ဖြစ်၏။ ကျွန်ုပ်သည် ညီအားလည်း မြန်မာထမင်းဟင်း မြည်းဖို့ခေါ်ရာ သူလည်းဝမ်းသာစွာလိုက်လာ၏။ မောင်ကြင်ဝေ၏တိုက်ခန်းမှာ ဟိုတယ်နှင့်ရှစ်မိုင်ခန့်ဝေး၍ တက္ကစီနှင့် သွားကြပြီး ၁၁ ထပ်သို့ တက် ကြရသည်။ သို့သော် ဓာတ်လှေကားရှိ၍ တော်ပါသေးသည်။ မောင်ကြင်ဝေ သည် ဟိုတယ်မှမထွက်မီ သူ့အိမ်သို့ တယ်လီဖုန်းဆက်၍ "ကျွန်ုပ်နှင့် ရဲဘော်တစ်ယောက် ညစာစားဖို့ ပါလာကြလိမ့်မည်" ဟု ပြောထားပြီး သည်နှင့် ကျွန်ုပ်တို့ရောက်ကြသောအခါတွင် အသင့်ပြင်ဆင်ပြီးရှိနေ လေပြီ။ ကျွန်ုပ်သည် တခြားသော ဟင်းခွက်များထက် ပုန်းရည်ကြီး၊ ကြက်သားရေချိုနှင့် ငါးပိချက်ခွက်ကိုသာနှိုက်ပြီး ဇွန်းနှင့်ခက်ရင်းကို ဖယ်ထား၍လက်ဖြင့် ကုန်းလွေးလိုက်ရာ မြန်မာပြည်မှ ထွက်လာ ကတည်းက အမြိန်ဆုံးသော ထမင်းတစ်နပ်ဖြစ်ပါတော့သည်။ ညီသည်လည်း သူတို့ထုံးစံအတိုင်း ငါးပိချက်နှင့် ပုန်းရည်ကြီးတို့ကို ဇွန်းခက်ရင်းနှင့်စား၍ အချိုးမကျစေကာမူ အလွန်အရသာရှိလှသည်ဟု တပြောပြောရှိနေလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

# လွိုင်ကော်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်းသရုပ်ပြ



လွိုင်ကော် နိုဝင်ဘာ ၁

ကယားပြည်နယ် လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို နိုဝင်ဘာလ ၁ ရက်တွင် လွိုင်ကော်မြို့ရှိ အဆိုပါရုံးဝင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ လွိုင်ကော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိခင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွိုင်ကော်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူးက မီးဘေးအန္တရာယ် အသိပညာပေးခြင်း၊ မီးလောင်မှုဖြစ်ပွားစေသည့် အကြောင်းရင်းများ၊ ဂက်စ်ကြောင့် မီးလောင်မှုမဖြစ်စေရေးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆီကြောင့်မီးလောင်ပါက မီးငြိမ်းသတ်ပုံနှင့် မီးသတ်ဆေးဘူး အသုံးပြုပုံများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်ပုံများ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများကို လက်တွေ့သရုပ်ပြပြီး ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲသို့ လွိုင်ကော်ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်**

# မြန်မာ့ရိုးရာလှည်းယဉ်ကျေးပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁

၂၀၂၅ ခုနှစ် (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် မြန်မာ့ရိုးရာလှည်းယဉ်ကျေးပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများနှင့်ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်လှည်းယဉ်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့ရိုးရာလှည်းယဉ်ကျေးပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်ဦးဇေယျာလင်းနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်များ၏ အကြိတ်အနယ် စတင်ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲတွင်လာရောက် ဖျော်ဖြေတင်ဆက်သည့် တပ်ကုန်းမြို့နယ် ရွှေသံစဉ်ဆင်အကအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

အဆိုပါ မြန်မာ့ရိုးရာလှည်းယဉ်ကျေးပြိုင်ပွဲနှင့် နွားအလှပြိုင်ပွဲကို နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင်လှည်းယာဉ် ၂၈ စီး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေးနှင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ သန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ နေပြည်တော်တစ်ဝန်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ သာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျန်ရှိသည့်မြို့နယ်များတွင်လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်းအရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်တို့အတွင်း မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်လမ်းပိုင်းများအား နိုင်လွန်ကတ္တရာခင်းကျင်းနေမှု၊ Total Station ကိရိယာဖြင့် တိုင်းတာနေမှုများ၊ လမ်းဘေးပလက်ဖောင်းများနှင့်ကပ်တုံးများပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် လမ်းဘေးမြေယာရှုခင်းသန့်ရှင်းသာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်အတွင်းပြီးစီးစေရန်နှင့် ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ သဘာဝဘေးအန္တရာယ်များခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိ

ကျောက်မဲ နိုဝင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာနနှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်စေတနာရှင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်း(ယာယီ)ရပ်ဆိုင်းထားသော ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ကျောက်မဲခရိုင် ကုသရေးဦးစီးဌာနအနေဖြင့်ကျောက်မဲမြို့ “လာဘမုနိ” တရုတ်ဘုံကျောင်းတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၅ ရက်မှစ၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ တိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး အောက်တိုဘာလ ၅ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ လူနာ ၃၃၈၅ ဦးကို လိုအပ်သော ကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ လုပ်ငန်း(ယာယီ)ရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်နောင်ပိန်တိုက်နယ်ဆေးရုံကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ထားရှိပြီး ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ပေါ်နှင့်အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် အောက်တိုဘာလ ၁၀ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ အသက် ၁၅ နှစ်အောက် စုစုပေါင်း ၃၇၂၃ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်းသိရသည်။

**မြဝတီ**

## ● တောင်ကြီးတန်ဆောင်တိုင်မှ

ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိသဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးခဲ့ပြီး ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ တွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း(၂)တွဲ၊ ရိုးရိုးတန်း(၃)တွဲနှင့် ရထားထိန်းတွဲ(၁)တွဲဖြစ်ပြီး ရထားစီးခရီးသည်အထက်တန်း ၃၆ ဦး၊ ရိုးရိုးတန်း ၇၂ ဦး စုစုပေါင်း ၁၀၈ ဦး လိုက်ပါစီးနင်းကြသည်။ အဆိုပါ တောင်ကြီး-ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက်တစ်ဦးလျှင် ငွေကျပ် (၁၀၀၀၀)နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ်(၅၀၀၀)ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါ်မူ အသွား/ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက် (တစ်စင်းလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**

## ⊃ ရှေ့ဖုံးမှအဆက်

ထို့ပြင် ညပိုင်းဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော်အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီးလှုပ်စိနှင့် ဒုံးစသည့် ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့် နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ်သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ်ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# သထုံခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

သထုံ နိုဝင်ဘာ ၁


မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် စေတနာရှင်များ စုပေါင်း၍ (၁၄)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာလ ၃၁ ရက်က သထုံမြို့ ရွှေစာရံစေတီဝင်းအတွင်းရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားသည်။

ယင်းနောက် သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော်ထံသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ယခုနှစ်ကထိန်ခင်းရန် အလှည့်ကျသည့် သိမ်ကုန်းရပ်ကွက် မြသီတာရုံကျောင်းတိုက်ဆရာတော်ထံ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့်ဇနီးတို့က ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကျောင်းတိုက်အသီးသီးမှ သံဃာတော်များအား ကထိန်သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ငွေကျပ် ၂၀၅၂၈၀၀၀ တန်ဖိုးရှိ ပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းစဉ်အလိုက် စာရေးတံမဲဖောက် လှူဒါန်းပေးခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

ချမ်းမြေ့




# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် တတိယနေ့ ဆက်လက်ကျင်းပ



တောင်ကြီး နိုဝင်ဘာ ၁

ရှမ်းပြည်နယ် တောင်ကြီးမြို့၏ ၁၃၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော် တတိယနေ့တွင် မြို့တွင်း စုပေါင်းဘုံကထိန်ပဒေသာပင်လှည့်လည်ခြင်း၊ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ရိုးရာမီးပုံးပျံများလွှတ်တင်ယှဉ်ပြိုင်ခြင်းတို့ကို ယမန်နေ့က ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ကျင်းပရာ အဆိုပါ ညအဝေရာကွင်းတွင် ညမီးကြီးယမ်းမီး(ခေါ်) ညလွှတ်မီးပုံးပျံခြောက်လုံးနှင့် စိန်နားပန်အလှမီးပုံးပျံငါးလုံး၊ စုစုပေါင်း ၁၁ လုံးတို့ကို ယှဉ်ပြိုင်လွှတ်တင်ခဲ့ကြသည်။

ယင်းသို့ ရိုးရာမီးပုံးပျံ ယှဉ်ပြိုင်လွှတ်တင်ခြင်းအား ဖွင့်ပွဲညတွင် ကိုးလုံး၊ ဒုတိယည၌ ၁၁ လုံး၊ တတိယည၌ ၁၁ လုံး၊ စိန်နားပန်နှင့် ညမီးကြီးစုစုပေါင်း ၃၁ လုံး၊ နေ့လွှတ်အရုပ်စုစုပေါင်း (၁၈၆)လုံး ယှဉ်ပြိုင်လွှတ်တင်ပြီးစီးခဲ့ပြီး နိုဝင်ဘာလ ၅ရက်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ထားဝယ်မြို့၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေး

ထားဝယ် နိုဝင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်မငှားရမ်းနိုင်သည့် ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ/ရသစာအုပ်စာစောင်များတင်ဆောင်၍ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ အောက်တိုဘာလ ၃၁ ရက်က ထားဝယ်မြို့ ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများ၌ သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဌာနဆိုင်ရာဝန်ထမ်းနှင့်မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ ငှားရမ်းဖတ်ရှုလိုသည့် သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးရာတွင် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးပြီး စာပေဝါသနာရှင်များနှင့် စာဖတ်ပရိသတ်များ ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ မည်သူမဆို လာရောက်ငှားရမ်းနိုင်ကြောင်း သိရသည်။

ရွေ့လျားစာကြည့်တိုက်တွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသစာအုပ်စာစောင် ၄၀၀ ခန့်ပါရှိပြီး ငှားရမ်းပေးသောစာအုပ်များကို သုံးရက်လျှင် တစ်ကြိမ် လဲလှယ်ပေးကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မြိတ် နိုဝင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏အစီအစဉ်ဖြင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၃၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် ကူညီကြသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ Shan Yoma Travel & Tours Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးလှအေးက မြိတ်ကျွန်းစုကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများ၊ ပင်လယ်ပြင် ရေအောက်သတ္တဝါများ ထိန်းသိမ်းကာကွယ်ရေး၊ Community Base Ecotourism ဖော်ဆောင်၍ ခရီးသွားလုပ်ငန်းတိုးတတ်ရေးနှင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

## စနေနေ့ ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ဘရိုက်တန် | ၃ - ၀ | လိဒ် |
| ဘန်လေ | ၀ - ၂ | အာဆင်နယ် |
| ပဲလေ့ | ၂ - ၀ | ဘရန့်ဖို့ |
| ဖူဟမ် | ၃ - ၀ | ဝုလ်ဗ် |
| နော်တင်ဟမ် | ၂ - ၂ | မန်ယူ |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဂီတာဖေး | ၂ - ၁ | ဂီရိုနာ |
| ဗီလာရီးရဲ | ၄ - ၀ | ဗယ်လက်ကာနို |

**ဂျာမန်ဘွန်ဒက်လီဂါ**

| | | |
|---|---|---|
| အော့စ်ဘတ် | ၀ - ၁ | ဒွေါမွန် |
| မိန့်ဇ် | ၁ - ၁ | ဝါဒါဘရီမင် |
| လိုက်ပဇစ် | ၃ - ၁ | စတုဂတ် |

# တစ်ကေဝင်ငွေတိုးစေဖို့ ပဲလွှမ်းသီးနှံစိုက်ပျိုးစို့

ဆောင်းသဇင်(စိုက်ပျိုးရေး)

ပဲလွှမ်းသည် မြန်မာနိုင်ငံ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတွင် အရေးပါသော ပဲမျိုးတစ်မျိုးပင်ဖြစ်သည်။ ပဲလွှမ်းသည် အာဖရိကအနောက်ပိုင်းနိုင်ငံများတွင် စတင်ပေါက်ရောက်သည်ဟုသိရသည်။ အာဖရိကတိုက်ရှိ နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာတွင် ပဲလွှမ်းစိုက်ပျိုးထုတ်လုပ်မှုအများဆုံးနှင့် စားသုံးမှုအများဆုံးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲလွှမ်းသီးနှံကို ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ကရင်နှင့် မန္တလေး စသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အများအပြားစိုက်ပျိုးကြသည်။ ပဲလွှမ်းသည် ပဲပုပ်နှင့် ပဲတီစိမ်းတို့ထက် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိသည်။ ပဲလွှမ်းတွင် ပင်ပြန့်နှင့်ပင်ထောင်ဟူ၍ နှစ်မျိုးရှိသည်။

ပဲလွှမ်းကို ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့ တင်ပို့ရန် အဓိကရည်ရွယ်၍ စိုက်ပျိုးကြသည်။ ပြည်ပဈေးကွက်အနေဖြင့် ပဲလွှမ်းကို တရုတ်၊ အိန္ဒိယနှင့် ကိုရီးယားနိုင်ငံတို့သို့ အများဆုံးတင်ပို့သည်။ ကမ္ဘာ့ပဲလွှမ်းတင်ပို့သည့်နိုင်ငံများတွင် မြန်မာနိုင်ငံသည် ဘရာဇီးပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ ထို့ကြောင့် ပဲလွှမ်းသည် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်အခြေအနေ ကောင်းမွန်ခြင်းကြောင့် တောင်သူလယ်သမားများအတွက် ဝင်ငွေသေချာစေသော သီးနှံဖြစ်သည့်အပြင် မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသော အရေးပါသည့် သီးနှံတစ်မျိုးလည်းဖြစ်သည်။

ပဲလွှမ်းသီးနှံကို မိုးကောင်းသောက်ဒေသလယ်မြေများတွင် စပါးရိတ်သိမ်းပြီးနောက် ပဲလွှမ်းသီးနှံကို လက်ကျန်အစိုဓာတ်ဖြင့် အလွယ်တကူစိုက်ပျိုးနိုင်သည်။ ပဲလွှမ်းပင်သည် မြေဆီလွှာကို ဖွံ့ဖြိုးစေသဖြင့် သစ်စိမ်းမြေဩဇာအဖြစ်လည်း အသုံးပြုနိုင်သည်။ ပဲလွှမ်းစိုက်ပျိုးပြီး စပါးစိုက်သည့်အခါ ပုံမှန်ထက် နိုက်ထရိုဂျင်မြေဩဇာလိုအပ်ချက် လျော့နည်းစေသည်။ ပဲလွှမ်းသည် မြေဆီလွှာကိုလည်းဖွံ့ဖြိုးစေပြီး ဝင်ငွေရစေသည့် ရည်ရွယ်ချက်နှစ်မျိုးဖြင့် စိုက်ပျိုးရသောသီးနှံဖြစ်သည်။ ပဲလွှမ်းသည် သီးနှံများထဲတွင် စိုက်ပျိုးရန်လွယ်ကူပြီး အကြမ်းခံသော သီးနှံတစ်မျိုးလည်းဖြစ်သည်။

ပဲလွှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရန် မှန်ကန်သော စိုက်ပျိုးနည်းစနစ်များကို လိုက်နာဆောင်ရွက်သင့်သည်။ အထူးသဖြင့် မျိုးရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်းတို့တွင် အထူးဂရုစိုက်ဆောင်ရွက်သင့်သည်။

**(က) မျိုးရွေးချယ်ခြင်း**

ပဲလွှမ်းစိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့်ကိုက်ညီဖြစ်ထွန်းပြီး ပိုးမွှား၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ဈေးကွက်ဝင်မျိုးများကို ရွေးချယ်စိုက်ပျိုးသင့်သည်။ ပဲလွှမ်းဈေးကွက် အလားအလာကောင်းသော မျိုးများမှာ အမေရိကန်ပဲလွှမ်းဖြူ ရေဆင်း-၁၊ ရေဆင်း-၂၊ ရေဆင်း-၃ မျိုးများကို ရွေးချယ်စိုက်ပျိုးကြရမည်။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ အထက်ရှိသည့် မျိုးသန့်၊ မျိုးစေ့ကိုသာ စိုက်ပျိုးရပါမည်။

**(ခ) မြေအမျိုးအစားနှင့် ရာသီဥတု**

မြေနီသဲဝန်း၊ နုန်းစနယ်မြေနှင့် ရေသွင်းရေထုတ်ကောင်းပြီး မြေဩဇာထက်သန်သောမြေများတွင် ကောင်းစွာဖြစ်ထွန်းသည်။ မြေချဉ်ငန်ကိန်း ၅ ဒသမ ၅ - ၆ ဒသမ ၈ ကြားတွင် ကောင်းစွာဖြစ်ထွန်းသော သီးနှံဖြစ်သည်။ အပူချိန်အားဖြင့် ၂၅-၃၆ ဒီဂရီစင်တီဂရိတ်တွင်ပဲလွှမ်းသီးနှံသည်ကောင်းစွာဖြစ်ထွန်းသည်။ ပဲလွှမ်းသီးနှံသည် ရေငတ်ဒဏ်နှင့် မြင့်သော အပူချိန်တို့ကို ခံနိုင်ရည်ရှိသည့် သီးနှံတစ်မျိုးလည်းဖြစ်သည်။

**(ဂ) မြေပြုပြင်ခြင်း**

မြေပြုပြင်ချိန်တွင် နွားချေးမြေဩဇာကို (၁၀၀-၁၅၀) တင်းနှုန်း ထည့်ပေးရပါမည်။ အထွက်နှုန်းပိုမိုရရှိရန် ယူရီးယားရှစ်ပြည်၊ တီစူပါ ၂၄ ပြည်နှင့် ပိုတက် ၁၂ ပြည်နှုန်းထည့်ပေးသင့်သည်။ သီးနှံစိုက်ချိန်တွင် ကန့်ဓာတ်အနည်းဆုံး ၅ ရာခိုင်နှုန်းပါဝင်သော ဂျစ်ပဆန်မြေဩဇာကို တစ်ဧကပြည် ၂၀ နှုန်း ထည့်ပေးသင့်သည်။

**(ဃ) စိုက်ပျိုးနည်း**

ပဲလွှမ်းသီးနှံကို မြန်မာပြည်အထက်ပိုင်းဒေသများတွင် စိုက်ပျိုးချိန်အနေဖြင့် မိုးရာသီ (မေလလယ်မှ ဩဂုတ်လလယ်) ၌လည်းကောင်း၊ မြန်မာပြည်အောက်ပိုင်းဒေသများတွင် မိုးနှောင်းသီးနှံအဖြစ် သီးထပ်စိုက်ပျိုးပါက နိုဝင်ဘာလအတွင်း အပြီးစိုက်ပျိုးသင့်သည်။ ၎င်းစိုက်ချိန်ထက်နောက်ကျပါက မြေတွင်းအစိုဓာတ်လုံလောက်၍ အပင်ဖြစ်ထွန်းမှုအားနည်းပြီး အထွက်နှုန်းလျော့နည်းနိုင်သည်။ တစ်ဧကမှာ ဝင်ဆံ့နိုင်သော အပင်အရေအတွက်ပြည့်မီရေး သတ်မှတ်ထားသောတန်းကြား၊ ပင်ကြားအတိုင်း စိုက်ပျိုးရပါမည်။ တစ်ဧကသတ်မှတ်အပင်ဦးရေရရှိရန် တန်းကြား x ပင်ကြား၊ ၂၄ လက်မ x ၆ လက်မခြား၍ မျိုးစေ့နှုန်း ရှစ်ပြည်မှ ၁၂ ပြည် သုံးစွဲစိုက်ပျိုးသင့်သည်။ မျိုးစေ့ကိုစိုက်ပျိုးရာတွင် မြေအောင်းပိုးနှင့် ပင်စည်ထိုးယင်ကာကွယ်နိုင်ရန် ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် မျိုးစေ့အား လူးနယ်စိုက်ပျိုးသင့်သည်။

**(င) အပင်ပြုစုစောင့်ရှောက်ခြင်း**

သီးနှံများစိုက်ပျိုးပြီးလျှင် ပစ်ထား၍မရဘဲ ရိတ်သိမ်းချိန်အထိ ဂရုတစိုက်ပြုစုစောင့်ရှောက်ရန် အလွန်အရေးကြီးသည်။ ပဲလွှမ်းကို စိုက်ပြီး ၁၄ ရက်သားမှ ပန်းပွင့်ချိန်အထိ ခုနစ်ရက် ၁၀ ရက်ခြားတစ်ကြိမ် ဇီဝစူပါရွက်ဖျန်းမြေဩဇာကို အရွက်၏အပေါ်နှင့်အောက် မျက်နှာပြင်နှစ်ဖက်လုံးကို ဖျန်းပေးရမည်။ ပန်းစတင်ပြချိန်မှ သီးလုံးဝင်ချိန်အထိ အနည်းဆုံးနှစ်ကြိမ် ယူရီးယားဟင်းစားဇွန်း လေးဇွန်း၊ လက်ချားမှုန့် တစ်ဇွန်းတို့အား ရေတစ်ဂါလန်တွင် ဖျော်၍ တစ်ဧကလျှင် ၂၀-၂၅ ဂါလန်နှုန်း ဖျန်းပေးရမည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ပဲလွှမ်းအထွက်နှုန်း ၂၀ ရာခိုင်နှုန်းခန့်တိုးနိုင်သည်။ အပင်နှစ်ပတ်သားမှ ပန်းပွင့်ချိန်အထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ရမည်။ ပန်းပွင့်ချိန်တွင် မြေအစိုဓာတ်လုံလောက်စွာရှိအောင် ဆောင်ရွက်ပေးရမည်။ ပဲလွှမ်းသည် ပုံမှန်အားဖြင့် သီးနှံသက်တမ်းကာလတစ်လျှောက်တွင် ရေအနည်းဆုံး ၁၆ လက်မမှ ၂၅ လက်မ လိုအပ်သည်။ အလွန်ခြောက်သွေ့သော အနေအထားများတွင် ရေသွင်းပေးရမည်။ အထူးသဖြင့် အပင်ပေါက်ချိန်၊ အပင်ကြီးထွားချိန်၊ အတောင့်စတင်ဖြစ်ပေါ်ချိန် အစေ့အဆန်တည်သောအချိန်သည်လည်း အလွန်အရေး ကြီးသည်။ သီးနှံသက်တမ်းတစ်လျှောက်၌ စိုက်ခင်းတွင် အစိုဓာတ်လုံလောက်မှုတစ္စာရှိရန် အရေးကြီးသည်။

ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကြိုတင်ကာကွယ်ရမည်။ ပဲလွှမ်းတွင် ငမြှောင်တောင်၊ လေ့းကျိုင်း၊ ပင်စည်ထိုးယင်နှင့် ပဲမျိုးစုံကြမ်းပိုးများ ကျရောက်တတ်သည်။ ပိုးများကိုနှိမ်နင်းရာမှာ ပိုးအမျိုးအစားအလိုက် ပင်လုံးပြန့်ပိုးသတ်ဆေး၊ ထိသေစားသေပိုးသတ်ဆေးတစ်မျိုးမျိုးကို အသုံးပြုနိုင်သည်။ ဓာတုဆေးကိုမသုံးလိုပါက တမာပိုးသတ်ဆေးကဲ့သို့သော သဘာဝပိုးသတ်ဆေးများကို အသုံးပြုနိုင်သည်။ ပိုးမွှားကာကွယ်မှု ပိုမိုထိရောက်စေရန် ပိုးမွှားများခိုအောင်းနေနိုင်သော စိုက်ခင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ၊ ချုံများကိုပါ ဆေးဖျန်းပေးခြင်း သို့မဟုတ် ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ ရောဂါများအနေဖြင့် ဖားဥမှိုရောဂါ၊ သံချေးတက်မှိုရောဂါများလည်း ဖြစ်တတ်သည်။ ပဲလွှမ်းတွင် ကျရောက်သောရောဂါများကို ကာကွယ်ရန် မှိုသတ်ဆေးတစ်မျိုးမျိုးနှင့် စိုရွှဲနေအောင် ပက်ဖျန်းပေးရပါမည်။



**(စ) ရိတ်သိမ်းခြင်း**

ပဲလွှမ်းရိတ်သိမ်းရာတွင် အစေ့အဆန်များ အောင်မြင်ပြည့်ဖြိုးစေရန် ပဲလွှမ်းသီးတောင့်များ ၇၅-၈၅ ရာခိုင်နှုန်းအထိ မျိုးကွဲကိုလိုက်၍ အစိမ်းရောင်မှ အနက်ရောင် သို့မဟုတ် အဝါရောင်ပြောင်းချိန်တွင် ရိတ်သိမ်းသင့်သည်။ ပဲလွှမ်းသီးနှံများ၏ ပဲစေ့များကို ကုန်ကြမ်းအဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီး ပဲခွံ၊ ပဲရိုးများကို မြေဩဇာအဖြစ်လည်းကောင်း၊ ကျွဲနွားများအတွက် တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ပဲလွှမ်းသီးနှံထွက်ကုန်မှ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောအဖြစ် ထုတ်လုပ်နိုင်သောပစ္စည်းများမှာ ပဲဟင်း၊ ပဲပြား၊ ပဲကြော်၊ ပဲမှုန့်၊ စည်သွတ်ဘူးများဖြစ်သည်။

ပဲလွှမ်းကို ဒေသတွင်းဈေးကွက်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရောင်းချလျက်ရှိပြီး အထူးသဖြင့် မန္တလေး၊ ရန်ကုန်၊ မကွေး စသည့်မြို့ကြီးများတွင် ဝယ်လိုအားမြင့်မားသည်။ ပြည်ပဈေးကွက်အဖြစ် အဓိကတင်ပို့သောနိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိ၍ ပဲလွှမ်းသီးနှံ၏အရည်အသွေးကို နိုင်ငံတကာတွင် အသိအမှတ်ပြုခံရသည့်အတွက် ဝယ်လိုအား မြင့်မားသည်။ တရုတ်နိုင်ငံသည် ပဲလွှမ်းကို အဓိကတင်သွင်းသော နိုင်ငံတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ တင်သွင်းလျက်ရှိသည်။

ပဲလွှမ်းသည် မြန်မာနိုင်ငံအတွက် အာဟာရပြည့်ဝပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။ ပဲလွှမ်းသည် မြန်မာနိုင်ငံ၊ တရုတ်နှင့် ကမ္ဘာ့ဈေးကွက်တွင် အရေးပါသော သီးနှံဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် ပဲလွှမ်းကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလျက်ရှိသည်။ ပြည်ပဈေးကွက်တွင် ပဲလွှမ်းသီးနှံဈေးနှုန်းများ မြင့်တက်လျက်ရှိသည့်အတွက် ပဲလွှမ်းစိုက်ပျိုးသူများအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာဈေးကွက် ပြိုင်ဆိုင်မှုများပြားလာခြင်း၊ ကုန်သွယ်ရေးအခက်အခဲများနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေတို့ကြောင့် ပဲလွှမ်းသီးနှံ ပြည်ပတင်ပို့မှုသည် စိန်ခေါ်မှုများရှိနေဆဲဖြစ်သည်။ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ခေတ်မီနည်းစနစ်များအသုံးပြုခြင်းဖြင့် အထွက်နှုန်းနှင့်သီးနှံအရည်အသွေးကိုမြှင့်တင်နိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးအတွက် အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် ပဲလွှမ်းစိုက်ပျိုးထုတ်လုပ်မှုကိုမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်စေနိုင်မည်ဖြစ်သည်။

ပဲလွှမ်းသီးနှံသည် စိုက်ပျိုးရန်လွယ်ကူသော သီးနှံဖြစ်သည့်အတွက် စနစ်တကျစိုက်ပျိုးပြီး သီးနှံစိုက်ပျိုးချိန်ကာလတစ်လျှောက်လုံးမှာ စနစ်တကျစီမံခန့်ခွဲနိုင်လျှင် အထွက်နှုန်းတိုးတက်နိုင်သည်။ ဒေသ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော မျိုး၊ စိုက်ပျိုးနည်းစနစ်တို့ကိုအသုံးပြုပြီး ကျရောက်တတ်သော ပိုးမွှားရောဂါလက္ခဏာရပ်များကိုသိရှိကာ စနစ်တကျမှန်ကန်စွာ ကာကွယ်နှိမ်နင်းရန်လည်း လိုအပ်သည်။ ထို့ကြောင့် တောင်သူဦးကြီးများအနေဖြင့် မျိုးရွေးချယ်ခြင်းမှစ၍ သီးနှံစိုက်ပျိုးနေစဉ်ကာလတစ်လျှောက်လုံး စနစ်တကျစီမံခန့်ခွဲရန်လိုအပ်သည့်အတွက် ပဲလွှမ်းသီးနှံအထွက်နှုန်းတိုးတက်ရေး လိုက်နာဆောင်ရွက်သင့်သော နည်းပညာအချက်အလက်များကို ရေးသားတင်ပြအပ်ပါသည်။ ။

# မျက်မှောက်ကမ္ဘာတွင် တွေ့ကြုံနေရသောကျန်းမာရေးပြဿနာများ

ဒေါက်တာ ဥမ္မာစော

**"မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စိတ်ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်မှုသည် ရှေ့တန်းသို့ရောက်လာခဲ့သည်။ စိတ်ပူပန်မှုနှင့် စိတ်ကျရောဂါသည် လူငယ်ထုအတွင်းသာမက ကျန်းမာရေးဝန်ထမ်းများတွင်ပါ ခံစားလာရသည်။ လူမှုစီးပွားခက်ခဲခြင်း၊ လူငယ်ထုတွင် ယှဉ်ပြိုင်မှုများလာခြင်း၊ လုပ်ငန်းခွင်ဖိစီးမှုများခြင်း၊ အလုပ်ပင်ပန်းခြင်း၊ မူးယစ်ဆေး၊ စိတ်ကြွဆေးသုံးစွဲမှုများလာခြင်းတို့သည် ငယ်ရွယ်သူများတွင် စိတ်ကျန်းမာရေးရောဂါများ ခံစားရစေပြီး မိမိကိုယ်ကို အဆုံးစီရင်မှုများစေခဲ့သည် . . ."**

အချိန်ကာလလိုက်၍ ကမ္ဘာအနှံ့တွင် ကျန်းမာရေးဆိုင်ရာပြဿနာများ အမျိုးမျိုးတွေ့ကြုံဖြေရှင်းခဲ့ရသည်။ ယခုမျက်မှောက်ကာလတွင်လည်း ကျန်းမာရေးစိန်ခေါ်မှုမျိုးစုံကို ပြည်သူလူထု၊ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်သူအဖွဲ့အစည်းများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ရင်ဆိုင်ဖြေရှင်းလျက်ရှိသည်။ ပုံမှန်တွေ့ကြုံနေကျ ကျန်းမာရေးပြဿနာများအပြင် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်မှု၊ ကမ္ဘာ့နိုင်ငံတချို့ကြား စစ်ပွဲများနှင့် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ကျန်းမာရေးထိခိုက်မှု၊ အသက်အန္တရာယ်ဆုံးရှုံးမှုများလည်း ခံစားရလျက်ရှိသည်။ ထို့ပြင် ဆင်းရဲမှု၊ အရေးပါသောဆေးဝါးများ ညီတူမျှတူမရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ လက်လှမ်းမမီနိုင်မှုတို့သည် လူထုအတွင်းရှိ မူလကပင် အားနည်းသော လူစုများအတွက် ပို၍ခက်ခဲမှုဖြစ်စေသည်။ ကမ္ဘာတစ်ဝန်း အလုပ်လုပ်နိုင်စွမ်းနည်းသော သက်ကြီးရွယ်အိုဦးရေများပြားလာခြင်းကြောင့်လည်း နာတာရှည်ရောဂါများ၊ အသက်အရွယ်အရ ဖြစ်လာရသည့်ရောဂါများကို ကုသရန်နှင့် ဝေဒနာခံစားမှုများကို ပြုစုစောင့်ရှောက်ရန် ပို၍လိုအပ်လာခဲ့သည်။

### ရောဂါများနှင့် ဆက်စပ်သည့် ကျန်းမာရေးပြဿနာများ

HIV၊ ငှက်ဖျား၊ တီဘီရောဂါများသာမက သွေးလွန်တုပ်ကွေးရောဂါ၊ ကြက်၊ ငှက်တုပ်ကွေးရောဂါ၊ အီဘိုလာဗိုင်းရပ်စ်ရောဂါ၊ Zika ဗိုင်းရပ်စ်၊ မျောက်ကျောက်ရောဂါ စသော အသစ်သစ်ပေါ်ပေါက်လာသည့် ဗိုင်းရပ်စ်ပိုးရောဂါများသည် လူထု၏ ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခြိမ်းခြောက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံတချို့၌ဖြစ်ပွားမှုမှသည် ကမ္ဘာအနှံ့ပျံ့နှံ့ကာ ကမ္ဘာ့ကပ်ရောဂါအသွင်ဖြစ်ပွားရန်အထိ အားကောင်းခဲ့ကြသည်။ ကိုဗစ်-၁၉ ရောဂါကိုယ်တိုင်က မျိုးကွဲများအဖြစ် ကမ္ဘာအနှံ့ပျံ့နှံ့ဖြစ်ပွားလျက်ရှိသောကြောင့် လူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲနေထိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ပင် လက်ခံကုသနေကြသည်။

### မကူးစက်နိုင်သောရောဂါများ

မူလက ကူးစက်ရောဂါများသည် ဝင်ငွေနည်းသောနိုင်ငံများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အားနည်းသော နိုင်ငံများတွင် အဓိကရင်ဆိုင်ဖြေရှင်းရသည့် ပြဿနာတစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါတွင် ဝင်ငွေနည်းနှင့် အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံများတွင်ပါ စားသောက်နေထိုင်မှုပုံစံပြောင်းလာသဖြင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုများလာသည်ကို တွေ့ရှိရသည်။ ယခင်က ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစားအစာမလုံလောက်သောကြောင့် အစာအာဟာရချို့တဲ့ခြင်းကို ဖြေရှင်းနေရပြီး ချမ်းသာကြွယ်ဝသောနိုင်ငံများတွင် အဝလွန်ခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။ ကမ္ဘာ့ရွာဖြစ်လာခြင်းနှင့်အတူ နေထိုင်စားသောက်မှုပုံစံများ ကူးစက်လာခြင်း၊ ဆားစားသုံးမှုများခြင်း၊ လှုပ်ရှားသွားလာမှုနည်းခြင်း၊ အရက်၊ ဆေးလိပ်သောက်သုံးခြင်း၊ လေထုညစ်ညမ်းခြင်း၊ အဝလွန်ခြင်းတို့သည် သွေးတိုး၊ ဆီးချိုနှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာရောဂါ ဖြစ်ပွားမှုကို စိန်ခေါ်သကဲ့သို့ ဖြစ်စေသည်။ ကမ္ဘာ့နိုင်ငံများတွင် ရောဂါကုသရန် ဆေးဝါးပုံမှန်ရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု မတူညီ အားနည်းမှုများကြောင့် ရောဂါထိန်းချုပ်နိုင်မှုနည်းကာ သေဆုံးမှုနှုန်းများလာရသည်။ ယခုအခါ မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးမှုမှာ သေဆုံးမှုအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာခဲ့သည်။

### စိတ်ကျန်းမာရေးပြဿနာ

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စိတ်ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်မှုသည် ရှေ့တန်းသို့ရောက်လာခဲ့သည်။ စိတ်ပူပန်မှုနှင့် စိတ်ကျရောဂါသည် လူငယ်ထုအတွင်းသာမက ကျန်းမာရေးဝန်ထမ်းများတွင်ပါ ခံစားလာရသည်။ လူမှုစီးပွားခက်ခဲခြင်း၊ လူငယ်ထုတွင် ယှဉ်ပြိုင်မှုများလာခြင်း၊ လုပ်ငန်းခွင်ဖိစီးမှုများခြင်း၊ အလုပ်ပင်ပန်းခြင်း၊ မူးယစ်ဆေး၊ စိတ်ကြွဆေးသုံးစွဲမှုများလာခြင်းတို့သည် ငယ်ရွယ်သူများတွင် စိတ်ကျန်းမာရေးရောဂါများ ခံစားရစေပြီး မိမိကိုယ်ကို အဆုံးစီရင်မှုများစေခဲ့သည်။

### ရာသီဥတုပြောင်းလဲမှုကြောင့်တွေ့ကြုံရသည့် ကျန်းမာရေးပြဿနာများ

ရာသီဥတုပြောင်းလဲမှုများကြောင့် အပူချိန်မြင့်မားလာမှု၊ ရေထုမြင့်မားလာမှု၊ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများသည် ရောဂါပိုးသယ်ဆောင်သော ခြင်၊ ယင်ပေါက်ပွားမှုပြောင်းလဲလာပြီး သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ကာလဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါ ဖြစ်ပွားမှု များပြားလာသကဲ့သို့ ရောဂါဖြစ်ပွားမှုပုံစံ၊ ပြင်းထန်မှု၊ နေရာဒေသပြောင်းလဲလာကြသည်။ မူလက မဖြစ်သောနေရာများတွင်ပါ ဖြစ်ပွားလာကြသည်။ အသစ်သစ်သော သဘာဝဘေးအန္တရာယ်များကြောင့် လူအစုလိုက် ရွှေ့ပြောင်းနေထိုင်ရမှုသည် မသန့်ရှင်းသော ရေ၊ အစားအသောက်များကြောင့် ရောဂါများဖြစ်ပွားနိုင်သည်သာမက လူထုကြား ကူးစက်ရောဂါများ အချင်းချင်းကူးစက်ပြန့်ပွားစေနိုင်သည်။

### ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းလာမှု

ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေထောက်ပံ့မှု နည်းပါးလာခြင်းသည် HIV၊ တီဘီ၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဆောင်ရွက်နေမှုများကို ခြိမ်းခြောက်လျက်ရှိသည်။ ကျန်းမာရေးကုသမှုစရိတ်ကြီးမြင့်ခြင်း၊ ပို၍ အဆင့်မြင့်ကောင်းမွန်သောကုသမှုကို လူထုမှလိုအပ်လာခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာ ဘတ်ဂျက်ကို ပို၍လိုအပ်လာစေခဲ့သည်။ လူသားအားလုံးကို ညီတူမျှတူ အလုံးစုံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း မြို့ပြ၊ ကျေးလက်၊ ဆင်းရဲ၊ ချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်များ ဆက်လက်ရှိနေခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ အားနည်းမှုဒဏ်ကို ဆင်းရဲသော၊ ဝင်ငွေနည်းသောနိုင်ငံများ၊ ကျန်းမာရေးစောင့်ရှောက်ခံရမှုနှင့် အလှမ်းဝေးသော ဝေးလံဒေသများတွင် ပို၍ခံစားခဲ့ကြရသည်။

### ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ

ကူးစက်ရောဂါများနှင့်ပတ်သက်၍ ရောဂါမဖြစ်ပွားစေရန် ရေကိုကျိုချက်သောက်ခြင်း၊ လက်ကို စင်ကြယ်စွာ ဆေးကြောခြင်း၊ လူထူထပ်သောနေရာများသွားလျှင် နှာခေါင်းစည်းတပ်ခြင်း၊ နှာခေါင်း၊ ပါးစပ်ပိတ်၍ ချောင်းဆိုးခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင်ပြုလုပ်ခြင်း၊ ယင်လုံအိမ်သာအသုံးပြုခြင်းနှင့် ခြင်ထောင်ထောင်၍အိပ်ခြင်း စသည့် အပြုအမူများလိုက်နာရန် လူထုအတွင်း အသိပညာပေးခြင်း၊ ဝိုင်းဝန်းဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

ထို့ပြင် မကူးစက်နိုင်သော ရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရေးအတွက် အဆီ၊ အငန်၊ ချိုလွန်းသော အစားအစာများ လျှော့စားရန်၊ အရက်၊ ဆေးလိပ် မသောက်ရန်၊ လှုပ်ရှားတက်ကြွသည့် လူနေမှုပုံစံ နေထိုင်ရန်၊ ပုံမှန်လေ့ကျင့်ခန်းလုပ်ရန် လူထုသို့ အသိပညာပေးရမည်။ ကိုယ်လက်လှုပ်ရှားခြင်း အားကစား၏အကျိုးကို လူထုကိုသိမြင်စေပြီး လူထုလှုပ်ရှားမှုအသွင် ဝိုင်းဝန်းဆောင်ရွက်ရပါမည်။ ရောဂါဖြစ်မှ ကုသခြင်းထက် ကာကွယ်ခြင်းက ပို၍ကောင်းမွန်သဖြင့် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးရန်လိုအပ်သည်။ မကူးစက်နိုင်သော နာတာရှည်ရောဂါများကို ကာကွယ်ကုသရေးအတွက် မြို့ပြများတွင်သာမက ဝေးလံသော ကျေးလက်ဒေသများအထိပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးခန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ လိုအပ်သောဆေးဝါး၊ စမ်းသပ်ကိရိယာများ ဖြည့်တင်းပေးခြင်း၊ လူထုအား အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

လူငယ်များကိုလည်း စိတ်ကြွဆေး၊ မူးယစ်ဆေးသုံးစွဲမှုရှောင်ကြဉ်ရန် အသိပညာပေးခြင်းနှင့်အတူ အရက်စွဲ၊ ဆေးစွဲခြင်းမှ ပြန်လည်ထူထောင်လာအောင်ကုသပေးခြင်း၊ ဝိုင်းဝန်းဖေးမခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။

ဆေးရုံကြီးများတွင် ကုသမှု၊ ရောဂါရှာဖွေမှုအဆင့်မြင့်စေရန် ဆောင်ရွက်ခြင်းများနည်းတူ ပြည်သူများအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စွာပေးနိုင်ရန် ဒေသန္တရပြည်သူ့ကျန်းမာရေးဆေးခန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အတူ ကျေးလက်ဆေးခန်းများ၏ လုပ်ဆောင်နိုင်မှုကို တိုးချဲ့ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မြို့နယ်ဆေးရုံများရှိ ဆရာဝန်၊ သူနာပြုများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းအပြင် လူထုနှင့်ထိတွေ့နေရသော သားဖွားဆရာမ၊ အရန်သားဖွားနှင့် ကျေးလက်ကျန်းမာရေးလုပ်သားများ၏ အရည်အသွေးမြင့်မားလာရေးအတွက် ထပ်လောင်းလေ့ကျင့်သင်ကြားပေးမှုများ မကြာခဏ ပြုလုပ်သင့်သည်။ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ဆေးထိုးနှံရေး၊ ကူးစက်ရောဂါပြန့်ပွားမှု လျှော့ချရေးအပြင် နာတာရှည်ရောဂါစောင့်ရှောက်မှုပါ ဆောင်ရွက်နိုင်ရန်၊ စိတ်ကျန်းမာရေးလူနာများ ကုသစောင့်ရှောက်တတ်စေရန်လည်း လေ့ကျင့်သင်ကြားပေးသင့်သည်။

ဆေးယဉ်ပါးပြဿနာနှင့် ရောဂါပိုးအသစ်များအတွက် ပိုးသတ်ဆေး၊ ကာကွယ်ဆေးများထုတ်လုပ်နိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးမှုရန်ပုံငွေထားရှိပြီး စဉ်ဆက်မပြတ် စမ်းသပ်ရှာဖွေရမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဆေးယဉ်ပါးမှုနည်းပါးစေရေးအတွက် ပိုးသတ်ဆေးသုံးစွဲမှုဆိုင်ရာ ညွှန်ကြားချက် (guideline) များ ဆေးရုံများအလိုက်၊ ဒေသအလိုက် ရေးဆွဲကာ လိုက်နာကျင့်သုံးသင့်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် နိုင်ငံအလိုက် ကျန်းမာရေးအဖွဲ့အစည်းများမှလည်း ဒေသအလိုက် ကူးစက်ရောဂါများဖြစ်ပွားမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာပြီး အချိန်နှင့်တစ်ပြေးညီ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဒစ်ဂျစ်တယ်ကျန်းမာရေးဆိုင်ရာ ပစ္စည်းများအသုံးပြုလာခြင်းဖြင့် အဝေးမှ ကြည့်ရှုထောက်လှမ်းကာ ရောဂါနှင့်ပတ်သက်၍ အချိန်မီသိရှိနိုင်ပြီး အကြံပြုကုသပေးနိုင်ခြင်းကြောင့် ဝေးလံသော ကျေးလက်နေလူထုအတွက် အကျိုးဖြစ်စေနိုင်သည်။ လူနာနှင့်ဆိုင်သော အချက်အလက်များကို အီလက်ထရောနစ်မှတ်တမ်းများထားရှိအောင် လုပ်ဆောင်ခြင်းဖြင့်လည်း ပို၍စနစ်ကျကာ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်ကို ခံနိုင်သော ဆေးရုံ၊ ဆေးခန်း၊ ဆေးစတိုများဆောက်လုပ်ထားသင့်ပြီး ရေကောင်းရေသန့်လုံလောက်စွာ ရရှိရေးနှင့် ခြင်၊ ယင်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများမဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပါက စောစီးစွာ သတိပေးနိုင်သောစနစ်များ တပ်ဆင်ထားရန်နှင့် ဆောင်ရွက်ရမည့် ကျန်းမာရေးအစီအမံ၊ ဆေးဝါးများ ကြိုတင်ဖြည့်တင်းထားရှိရမည်ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့်အတူ လူထုအတွင်း နေအိမ်အဆောက်အအုံ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ရေကောင်းရေသန့်ရရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ ပညာရေးကဏ္ဍမြှင့်တင်ခြင်း စသည့် လူမှုစီးပွားဘဝမြင့်တက်လာအောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျန်းမာရေးဆိုင်ရာပြဿနာများ ရင်ဆိုင်ဖြေရှင်းရန် လုပ်ဆောင်ရာတွင် လူထုမှလည်း ပူးပေါင်းပါဝင်သင့်သောကြောင့် ကျန်းမာရေးဗဟုသုတများ လူထုအတွင်း မကြာခဏဖြန့်ဝေပြီး လိုက်ပါလုပ်ဆောင်စေရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြိတ်မြို့နယ်၌ မိုးစပါးသီးနှံများအောင်မြင်ဖြစ်ထွန်း

**မြိတ် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ရာသီက စိုက်ပျိုးခဲ့ကြသည့် မိုးစပါးသီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

မြိတ်မြို့နယ်အတွင်း၌ တောင်သူများသည် မိုးစပါးများကို ဇွန်လက စတင်စိုက်ပျိုးကြပြီး ဩဂုတ်လအတွင်း အပြီးအစီး စိုက်ပျိုးနိုင်ခဲ့သည်။ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းခြွေလှေ့ခြင်းများကို ပြုလုပ်ကြသည်။



တောင်သူများသည် မိုးစပါးမျိုးများအဖြစ် ဆင်းသုခ၊ ဧည့်မထ၊ မနောသုခ၊ ထားဝယ်သူမ၊ လုံးသွယ်မွှေး၊ တောင်ပြန်၊ ရတနာတိုး၊ သီးထပ်ရင်၊ ပေါ်ဆန်းမွှေး၊ ငါးရာကျော်၊ GW-11 စသည့် မျိုးစပါးကို ရွေးချယ်စိုက်ပျိုးလေ့ရှိကြပြီး လက်ရှိတွင် လယ်ယာစိုက်ခင်းများ၌ သီးနှံအောင်မြင်ဖြစ်ထွန်းမှုရှိကြကြောင်း သိရသည်။

(၄၁၂)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာမိတ်ဆက်


**လှိုင်ကော် နိုဝင်ဘာ ၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား လှိုင်ကော်တက္ကသိုလ်မှ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခတို့က ဘာသာရပ်အလိုက် မိတ်ဆက်ခြင်းကို အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်ကျောင်းပညာရတနာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် လှိုင်ကော်တက္ကသိုလ်ပါမောက္ခ ဌာနမှူး (ပထဝီဝင်) ဒေါက်တာခင်သီရိလှိုင်၊ ပါမောက္ခဌာနမှူး (သမိုင်း) ဒေါက်တာသက်သက်နိုင်နှင့် တွဲဖက်ပါမောက္ခရှစ်ဦးတို့က မိတ်ဆက်ကြပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်အလိုက် သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခများက လှိုင်ကော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးအား ဘာသာရပ်ဆိုင်ရာသင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)




# စစ်ကိုင်းမြို့၌ အမှိုက်အမျိုးအစားခွဲခြား စွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများဆောင်ရွက်

**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် အမှတ်(၂၀) အခြေခံပညာမူလတန်းလွန်ကျောင်း (ပတ္တမြား)၌ အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းများဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သူဇာဦးက အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် သရုပ်ပြခြင်းများကို လက်တွေ့ပြသဆောင်ရွက်ခြင်းများပြုလုပ်ကြသည်။

ထို့နောက် တက်ရောက်လာသူများအား ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုခေါင်းစဉ်ဖြင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

(၄၀၉)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့်အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို(မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်)နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)တို့ရရှိ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်)နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) တို့အား ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထိုနည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသောစာအုပ်များနှင့်စာရေးဆရာများ၏အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် ရဲမင်းစိုးရေးသားသည့် **လေလိုင်းကြားက အသက်ရှူသံများနှင့် (စိတ်သည့်နှလုံးသား ခံစားချက်ဝတ္ထုတိုများ)** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ (ဂန္ထဝင်)ဆုတွင် ဇော်မင်းမင်းဦး ရေးသားသည့် **နယ်နိမိတ်နဲ့စည်းရိုး** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် ဒွေးကြည် (စလင်း) ရေးသားသည့် **လက်ဖျော်ကော်ဖီ**စာအုပ် (ဆောင်းစုရတီစာပေတိုက်)၊ စာပဒေသာဆုတွင် မောင်ရိုး (ငဖဲ) ရေးသားသည့် **လွမ်းရ တမ်းတပါ့ ငဖဲမြေ ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့-၂** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ ကလေးစာပေဆုတွင် သက်ဦးခင် ရေးသားသည့် **မြန်မာ့ရတနာ ကလေးကဗျာများ**စာအုပ်(စာပေဗိမာန်)၊ ဘာသာပြန် (သုတ)ဆုတွင် သက်ထွန်းဦးရေးသားသည့် **လုပ်ငန်းငယ်များအတွက် မရှိမဖြစ်ဘဏ္ဍာရေးစီမံခန့်ခွဲမှုလမ်းညွှန်** (ဇာတိမြေစာပေတိုက်)၊ ဘာသာပြန်(ရသ)ဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **ခေတ်အဆက်ဆက် နှစ်သက်စရာတရုတ်ကဗျာများ** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် အထူးဆုအနေဖြင့် တာမိုးညဲသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန)ရေးသားသည့် **ဗုဒ္ဓသာသနာထွန်းလင်းဖြာ**စာအုပ်(တာမိုးညဲစာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဖိစီးမှုရှင်းသောကကင်း** စာအုပ် (သုတစွယ်စုံစာပေတိုက်)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင်ပါမောက္ခကိုကိုအောင်ရေးသားသည့် **ခေတ်သစ်လူထုသိပ္ပံကျမ်း** စာအုပ် (စာပေဗိမာန်)၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်) ရေးသားသည့် **မူးယစ်ဆေးစွဲခြင်းဆိုင်ရာ သိပ္ပံပညာ**စာအုပ် (ရှင်မတောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် အလင်းဆက်(IR) ရေးသားသည့် **အင်ဒို-ပစိဖိတ်ဒေသ တရုတ်နှင့်အမေရိကန်မဟာဗျူဟာအခင်းအကျင်း** စာအုပ် (Satori Publishing စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Mra Hninzi ရေးသားသည့် **Myanmar Postage Stamps** စာအုပ် (တာမိုးညဲစာပေတိုက်)၊ ရသစာတမ်း(အက်ဆေး)ဆုတွင် မင်းချမ်းမွန် ရေးသားသည့် **ကျွန်တော် တတိယရန်ကုန်မြို့တော်သား (ရသအက်ဆေးများ)**စာအုပ် (မင်းနှင့်မေစာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် DR. KHIN MAUNG LWIN (FAME) ရေးသားသည့် **MYANMAR MEDICINAL PLANT ENCYCLOPEDIA** စာအုပ် (Fame Publishing House စာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်သည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ငွေကျပ် သိန်း ၄၀ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၀ ဦးဖြင့်ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြောင်းသိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှတစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ (မြန်မာစာ)၏ **အပ္ပမာဒေန သမ္ပာဒေထ၊** ဒုတိယဆုကို မင်းဗေဒါ(ပွင့်ဖြူ)၏ **ကင်မရာတစ်ဆိုင်း ကလောင်တစ်ချောင်းဖြင့် မိုင်ပေါင်းရာထောင်ချီ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နိုင်မျိုးသစ္စာ (နမ္မတူ)၏ **ရှေ့နေမဟုတ်သော ရှေ့နေဝတ္ထုတိုများ၊** ဒုတိယဆုကို ကျော်တေဇ(ဥက္ကလာ)၏ **အတ္တမုန်တိုင်းကြားက နှလုံးသားပျိုးပင်နှင့် အခြားဝတ္ထုတိုများ၊** တတိယဆုကို နန္ဒခင် (သက္ကလမြေ)၏ **ပိုးနှင့်အခြားသုတ၊ ရသဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ဒွေးသစ်လွင် (ပရိမ္မ)၏ **ထနောင်းမြထီး ဘဝခရီးကဗျာများ၊** ဒုတိယဆုကို ယိမ်းနွဲ့၏ **သန္တရသ ခွန်အားပေးကဗျာများ၊** တတိယဆုကို အောင်နိုင်သူ (ဖွဲ့ကပင်)၏ **ရွှေပြည်မြန်မာအလှပဒေသာနှင့် လောကအလှကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို အရှင်ရေဝတ (ရွှေကွမ်းသား)၏ **တွံတေးမြေမှာ ပွင့်လန်း တစ်ပွင့်ပန်း အာဇာနည် သို့မဟုတ် အောင်ဆန်းသူရိယဗိုလ်မှူးအေးချို** ဒုတိယဆုကို ဆွေဇင်ညွန့်၏ **မှတ်သားလေ့လာ သမိုင်းသုတအဖြာဖြာ (ဆောင်းပါးပေါင်းချုပ်)၊** တတိယဆုကို မောင်သာ(ရှေးဟောင်းသုတေသန)၏ **ကုန်းဘောင်နှင့်ကိုလိုနီခေတ် လက်ရာထင်ရှားသော သစ်သားအဆောက်အအုံများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆု(ရိုးရိုး)ကို ဒေါက်တာမြင့်သန်း၏ **အာရုံနှင့်စိတ်တို့ဖြစ်ပျက်ရာ ဦးနှောက်၊** ဒုတိယဆု (အသုံးချ)ကို တိုးနိုင်ဌေး၏ **ဘာကြောင့်ရေအားလျှပ်စစ်ကိုရွေးချယ်သင့်သလဲ**နှင့် တတိယဆု(အသုံးချ)ကို ရတနာစိုး (အမျိုးသားစာပေဆုရှင်)၏ **ကျန်းမာဖွံ့ဖြိုး၊ ဝင်ငွေတိုး၊ ပင်မှည့်စိုက်ပျိုး**စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **အပြစ်မမြင် လမ်းသစ်ထွင်ကာ ညီညာဖြဖြ-တူလျှောက်ကြစို့၊** ဒုတိယဆုကို သုတေသီမောင်ဟန်၏ **မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် အမေရိကန်ရောက် မြန်မာပညာတော်သင် တစ်ဦး၏မှတ်တမ်း၊** တတိယဆုကို ဒေါက်တာကောင်းစံ၏ **အတွေ့အကြုံ အဖုံဖုံ၊ စစ်မြေပြင်ဆေးမှူးဘဝမှတ်တမ်းစုံ** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို စောပုလဲမယ်၏ **ရွှေတိဂုံစေတီတော် ဆီမီးခုံ ပတ်လည် မြန်မာမှုစဉ့်အနုပညာလက်ရာများ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို စစ်တွေညိုသန့်၏ **သားသမီးအလိမ္မာ ကလေးကဗျာများ၊** ဒုတိယဆုကို ခိုင်ချစ်အောင်၏ **ဝီရိယရှိသူ ထိပ်ဆုံးလူ ကလေးကဗျာများ၊** တတိယဆုကို ခင်ဇော် (သီတာကုန်းပြင်)၏ **အရသာရှိသော အောင်မြင်မှုနှင့်အခြားစာစုများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို **ကိုကြေအီး(နိမ္မာန်)၏တွန်းအား** ဒုတိယဆုကို ထွဋ်ဦးဖေယျာ၏ **စာရူးပေရူး မလေးနှင့် လူငယ်ဝတ္ထုတိုများ၊** တတိယဆုကို ခင်လေး (ပြည်ထောင်စုနယ်မြေ)၏ **ချစ်လှစွာသော မြန်မာမလေးသို့…**စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို အောင်နိုင်သူ (ဖွဲ့ကပင်)၏ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် စစ်ရေး၊ နိုင်ငံရေး ဆောင်းပါးများ** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို တင်တော်၏ **မထိလာကန်ပေါင်ထက်က.. အနိစ္စရဲ့ လွမ်းချင်း**နှင့် တတိယဆုကို ရဲနွယ်မောင် (သုံးဆယ်)၏ **အကြင်နာပန်းတို့ လန်းပါစေ** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို အေးသန္တာမောင်၏ **စိတ်လမ်းညွှန်မြေပုံ စိတ်မျက်နှာဖုံး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို **Researcher Maung Han ၏ My Memoir of Archaeological Excavations at Kambawza-thardi Palace Site** စာမူကလည်းကောင်း၊ ရသစာတမ်းဆုတွင် ဒုတိယဆုကို သုတိသြဘာ(ဆင်ပေါင်ဝဲ)၏ **ရွာဦးကျောင်းဆရာတော် တစ်ပါး၏ ဘဝမှတ်တမ်း** စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ခုနှစ်သိန်း ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ၁၅ သိန်းနှင့် တတိယဆု ၁၀ သိန်း တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့်ဖွဲ့စည်းထားပြီး ၂၀၂၄ ခုနှစ်ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၄၇ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်းသိရသည်။


အဆိုပါဆုများကို ၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)တွင်ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၅ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်းသိရသည်။

မြဝတီ

## နိပါတ်တော်လာ သိမှတ်စရာ

# ပညာရှိမျောက်မင်း(ဝါနရိန္ဒဇာတ်)



ဒေဝဒတ်က ဘုရားရှင်ကိုသတ်ဖြတ်ရန် ကြိုးစားခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်သည် ဤအတိတ်ဇာတ်ကို ဆောင်တော်မူ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ်ဘုရားလောင်းသည် မျောက်မျိုး၌ ဖြစ်၍နေ၏။ ဘုရားလောင်းမျောက်မင်းသည် မြစ်ကမ်းနားတစ်ခုတွင်နေ၍ အစာစားချိန်၌ မြစ်လယ်မှ ကျွန်းတစ်ကျွန်းပေါ်သို့ ခုန်ကူးကာ ကျွန်းပေါ်ရှိ သရက်၊ ပိန္နဲအစရှိသော သစ်သီးကြီးငယ်တို့ကို စား၏။ မြစ်ကမ်းစပ်နှင့် ကျွန်း၏အကြားတွင် ကျောက်ဖျာတစ်ချပ်ရှိလေရာ ထိုကျောက်ဖျာသို့ ဦးစွာ ခုန်ကူးရ၏။

ထိုမြစ်ထဲ၌ မိကျောင်းမောင်နှံတို့လည်း နေကြ၏။ မိကျောင်းမသည် မျောက်မင်း၏နှလုံးသားကို စားလိုစိတ်ပြင်းပြနေသဖြင့် မိကျောင်းဖိုကို ပူဆာလေ၏။ သို့နှင့် မိကျောင်းဖိုသည် မျောက်မင်းအား ဖမ်းပေးရန် ကတိခံလျက် ကျောက်ဖျာပေါ်မှနေ၍ မျောက်မင်းအလာကို စောင့်နေလေ၏။

ညနေချမ်းသို့ရောက်သည်တွင် မျောက်မင်းသည် ကျောက်ဖျာကို လှမ်း၍စူးစမ်းကြည့်ရာ ကျောက်ဖျာသည် ခါတိုင်းထက် ပိုမြင့်နေသည်ဟု ထင်မှတ်မိ၏။ ထို့ကြောင့် မျောက်မင်းသည် ကျွန်းပေါ်မှနေ၍ "အိုကျောက်ဖျာ…အိုကျောက်ဖျာ" ဟု သုံးကြိမ်တိုင်တိုင် လှမ်း၍ခေါ်၏။

ထိုအခါ မိကျောင်းဖိုသည် "ဤကျောက်ဖျာသည်ကား မျောက်မင်းနှင့် စကားပြောနေကျဖြစ်မည်" ဟု တွေးထင်မိ၏။ ထို့ကြောင့် သူသည်လည်း ကျောက်ဖျာဟန်ဆောင်၍ "အိုမျောက်မင်း၊ အသို့နည်း" ဟု ပြန်ထူးလိုက်၏။

ဤတွင် မျောက်မင်းက မိကျောင်းဖြစ်ကြောင်း သိရသဖြင့် "အဘယ်ကြောင့် ဤနေရာမှ လာစောင့်ရသနည်း" ဟု မေးသောအခါ မိကျောင်းဖိုက အဖြစ်မှန်ကို ပြောပြလေ၏။

ထိုအခါ မျောက်မင်းက "အဆွေမိကျောင်း၊ ငါသည် ငါ့ခန္ဓာကိုယ်ကို သင့်အား စွန့်လှူပါမည်။ သင့်ခံတွင်းကို ဖွင့်ဟထားပါ" ဟု ဆို၏။ မိကျောင်းတို့မည်သည် ခံတွင်းဟထားလျှင် မျက်လုံးတို့ မှိတ်သွားရစမြဲဖြစ်သည်ကို မိကျောင်းဖိုက သတိမထားမိလိုက်ချေ။ သို့ကြောင့် ခံတွင်းကိုဖွင့်ဟ၍ အသင့်ခံထားလိုက်၏။ မျောက်မင်းသည် ကျွန်းပေါ်မှ လွှားခနဲခုန်ကာ မိကျောင်း၏ထိပ်ကိုနင်း၍ မြစ်တစ်ဖက်ကမ်းသို့ ခုန်ကူးလာနိုင်ခဲ့၏။

မိကျောင်းဖိုသည် လွန်စွာအံ့ဩမိကာ "အို… မျောက်မင်း၊ ဤလောက၌ သစ္စာ၊ ပညာ၊ စာဂ၊ လုံ့လ ဤတရားလေးပါးနှင့် ပြည့်စုံသောသူသည် ရန်သူတို့အပေါ်၌ အောင်ပွဲခံနိုင်၏။ ထိုတရားလေးပါးစလုံးတို့သည် သင့်ကိုယ်တွင်း၌ ရှိယောင်တကား" ဟုဆို၍ မိမိနေရပ်သို့ ပြန်သွားလေ၏။

ဇာတ်ပေါင်းသော် မိကျောင်းဖိုသည် ဒေဝဒတ်၊ မိကျောင်းမသည် စိဉ္စမာန၊ ပညာရှိမျောက်မင်းသည် ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းရာတွင် သစ္စာ၊ ပညာ၊ စာဂ၊ လုံ့လတည်းဟူသော ဤတရားလေးပါးရှိလျှင် မည်သည့်အမှုကိစ္စ၌မဆို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်သာ ဖြစ်လေသည်။ ။

**သုတကြွယ်**

---

## မြန်မာ့ရိုးရာ စကားထာ

# ကုန်သည်လင်မယား

အင်းဝခေတ်မှာ ခေတ်ပြိုင်စာဆို ဆရာတော်နှစ်ပါးရှိခဲ့တယ်။ ဆရာတော်ရှင်မဟာသီလဝံသနဲ့ ဆရာတော်ရှင်မဟာရဋ္ဌသာရတို့နှစ်ပါးပါ။ ဆရာတော်နှစ်ပါးလုံးကကျမ်းတတ်ပေမော်ဆရာတော်တွေဖြစ်သလို အင်းဝပြည့်ရှင်ကိုးကွယ်ဆည်းကပ်တဲ့ မင်းဆရာတော်များလည်း ဖြစ်ကြပါတယ်။

တစ်နေ့မှာတော့ ဆရာတော်ရှင်မဟာရဋ္ဌသာရရဲ့ကပ္ပိယတစ်ဦးက ဆရာတော်ရှင်မဟာသီလဝံသဆီရောက်လာပြီးဦးချကန်တော့လိုက်တယ်။ ပြီးတာနဲ့ "ဆရာတော်ကအမှာပါးလိုက်ပါတယ်ဘုရား" လို့ လျှောက်ထားလိုက်တယ်။

"ဒကာကြီးရဲ့ ဆရာတော်ကဘာများအမှာပါးလိုက်သတုံး" လို့ ဆရာတော်ရှင်မဟာသီလဝံသက ပြန်လည်မိန့်ကြားလိုက်တယ်။

"အမှာပါးလိုက်တာကတော့ ကုန်သည်လင်မယားကို သနားတော်မူပါတဲ့ဘုရား" လို့ ကပ္ပိယကြီးကပြန်လျှောက်တယ်။ ဆရာတော်ရှင်မဟာသီလဝံသက အနည်းငယ်စဉ်းစားပြီးပြုံးတော်မူတယ်။ ပြုံးတော်မူရာကနေ "ကပ္ပိယကြီးရဲ့ဆရာတော်အမှာပါးလိုက်တဲ့အတိုင်း ကုန်သည်လင်မယားကို သနားလိုက်ပါမယ်" လို့ မိန့်ကြားလိုက်ပြီး အခန့်သင့်ရှိနေတဲ့ ထန်းဖူးရွက်ချပ်တစ်ထပ်ကိုယူလိုက်တယ်။

"ကပ္ပိယကြီးရဲ့ဆရာတော်ကို ကပ်လှူလိုက်ပါ"လို့ပြောပြီး ပေးလိုက်တယ်။

ဆရာတော်ရှင်မဟာရဋ္ဌသာရက ကပ္ပိယကြီးပြန်အလာကို စောင့်နေတာပါ။ ဆရာတော်တို့ သီတင်းသုံးနေတဲ့ကာလမှာ စာရေးဖို့စက္ကူဆိုတာ မပေါ်သေးပါဘူး။ ပေရွက်၊ ထန်းရွက်တွေပေါ်မှာ ကညစ်နဲ့စာရေးကြရတယ်။ ပေပင်ရဲ့ပေရွက်၊ ထန်းပင်ရဲ့ထန်းရွက်တွေ ပြန့်ပြန့်ကားကားကြီးမဖြစ်ခင်မှာ ပေပင်ကပေဖူး၊ ထန်းပင်ကထန်းဖူးတွေ ထွက်လာတယ်။ ပေဖူး၊ ထန်းဖူးတွေကြီးလာတော့မှ ပေရွက်၊ ထန်းရွက်ဖြစ်လာတာပါ။ ပေရွက်၊ ထန်းရွက်တွေဖြစ်လာရင် စာရေးဖို့အသုံးမတည့်တော့ဘူး။ ပေဖူး၊ ထန်းဖူးအရွယ်မှာ ခုတ်ယူပြီးစနစ်တကျဖြတ်တောက်ရတယ်။ ဖြတ်တောက်ပြီးတာတွေကို ပေါင်းရတယ်။ မိုးပြဲဒယ်အိုးကြီးနဲ့ ပေါင်းရတာပါ။ အညာရွာတွေမှာထန်းသီးမုန့်ပေါင်းသလိုမျိုးပေါင်းရပါတယ်။ ပေါင်းပြီးတာနဲ့နေလှန်းအခြောက်ခံ၊ ခြောက်တော့မှညီနေအောင်စီပြီး ဖိထပ်ထားရတယ်။ ရေးမယ်ဆိုတော့မှ တစ်ရွက်ချင်းယူပြီး ရေးရတယ်။ ပေါင်းပြီးသား ပေရွက်၊ ထန်းရွက်တွေက ပျော့ပျောင်းနူးညံ့နေတယ်။ ကညစ်နဲ့စာရေးရတာ အဆင်ပြေတယ်။ ထစ်ထစ်ငေါ့ငေါ့ဖြစ်မနေဘူး။ တာရှည်အထားခံတယ်။ မှိုမတက်ဘူး၊ ပိုးမစားဘူး။

ဆရာတော်ရှင်မဟာရဋ္ဌသာရဆီမှာ စာရေးဖို့ပေရွက်၊ ထန်းရွက်ကုန်နေတယ်။ အဲဒီခေတ်အခါမှာ စာရေးစရာ ထန်းရွက်၊ ပေရွက်ဆိုတာရှားပါတယ်။ ဒါနဲ့ဆရာတော်ရှင်မဟာသီလဝံသဆီမှာ အလှူခံဖို့ ကပ္ပိယကြီးကိုလွှတ်လိုက်တာပါ။ ဆရာတော်ရှင်မဟာရဋ္ဌသာရက ထန်းရွက်အလှူခံတာပါလို့ မပြောလိုက်ပါဘူး။ ကုန်သည်လင်မယားကို သနားတော်မူလိုက်ပါလို့ပဲ အမှာပါးလိုက်တာပါ။

အမှာစကားကိုကြားသိရတဲ့ ဆရာတော်ရှင်မဟာသီလဝံသက ပြုံးတော်မူပါတယ်။ ဆရာတော့်ဆီမှာ ကုန်သည်လင်မယားရှိမနေလို့ ပြုံးတော်မူတာပါ။ ဒီတော့ဆရာတော်က ကုန်သည်လင်မယားရဲ့ အဓိပ္ပာယ်ကိုစဉ်းစားပါတယ်။ ကုန်သည်ဆိုတာက ကုန်ပစ္စည်းအရောင်းအဝယ်လုပ်တဲ့သူပဲ။ လင်မယားနှစ်ယောက်မှာ လင်ဖြစ်တဲ့ယောကျ်ားက ကုန်ပစ္စည်းတွေကိုထမ်းရမယ်။ မယားဖြစ်တဲ့မိန်းမက ကုန်ပစ္စည်းတွေကိုရွက်ရမယ်။ အဲဒီလိုလင်ကထမ်း၊ မယားကရွက်တာကိုစဉ်းစားမိတော့ "ထမ်းရွက်"လို့အဖြေပေါ်လာတယ်။ ဒါနဲ့စာရေးဖို့ထန်းရွက်ချပ်အထပ်လိုက်ကို ပေးသနားလိုက်တာပါ။

ဆရာတော်ရှင်မဟာရဋ္ဌသာရတောင်းခံတာကလည်း စာရေးဖို့ထန်းရွက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာတော်ကထန်းရွက်ကို "ကုန်သည်လင်မယား" လို့ အဓိပ္ပာယ်ကွယ်ဝှက်ပြီး အမှာပါးလိုက်တာပါ။ ဆရာတော်ရှင်မဟာသီလဝံသကလည်း စဉ်းစားဆင်ခြင်ဉာဏ်ထက်မြက်တဲ့ဆရာတော်တစ်ပါးဖြစ်နေတော့ကုန်သည်လင်မယားရဲ့အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါကလည်း စကားထာဝှက်ခြင်းတစ်မျိုးပဲဖြစ်ပါတယ်။ ။

**မောင်သစ္စာ**

---

## ရယ်စရာပုံပြင်



### ရှိပါတယ်ဘုရား

ဆွမ်းစားချိန်တောင်ရောက်ပြီလားမသိဘူး။ သည်နေ့မှ မိုးကလည်း အုံ့နေတော့ နေကိုကြည့်ပြီး ခန့်မှန်းလို့ကမရ။ အဲဒါနဲ့ ကျောင်းကြီးပေါ်က တစ်လုံးတည်းသော တိုင်ကပ်နာရီကြီးကို သွားကြည့်ခိုင်းဖို့ ကျောင်းသားတွေနဲ့ဆော့နေတဲ့ ကိုရင်ဘုကို လှမ်းခေါ်လိုက်တယ်။

"ဟဲ့…ကိုရင်ဘု၊ ကိုရင်ဘု"

"ဘုရား"

ထူးသံနဲ့အတူ ကိုရင်ဘု လှစ်ခနဲရောက်လာတယ်။

"သွား…ကျောင်းကြီးပေါ်ကို နာရီကြည့်ခဲ့စမ်း"

"တင်ပ့ါ"

ကိုရင်ဘုလည်း ကစားချင်ဇောနဲ့ ကျောင်းကြီးပေါ်ကို လှေကားနှစ်ထစ်ကျော်ခုန်တက်ပြီး ချက်ချင်းဆိုသလို လှေကားလက်ရန်းပေါ်ကနေ လျှောဆင်းရောက်လာရင်း ပြေးထိုးလွှားထိုးလျှောက်တင်လိုက်တာက…

"နာရီကြီး…ရှိပါတယ်ဘုရား" တဲ့။

ဩော်…ငါ့နှယ်ဆွမ်းစားချိန်သိချင်ပါတယ်ဆိုတာကိုကွာ။ ။

**ဗိုးစလုံး**

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**နန်းရီရီဝင်း (ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)**

**"တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ "နဂါး"မဲကို ပေးကြစို့"**

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်း (ခေါ်) နင်းလုံခမ် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံမည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအကြောင်း မိတ်ဆက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သမိုင်းအကျဉ်းချုပ်ကို တင်ပြပါရစေရှင်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၂၄ – ၂၅) ရက်တို့တွင် ပအိုဝ်းအမျိုးသားညီလာခံတစ်ရပ်ကိုကျင်းပခဲ့ရာ အဆိုပါညီလာခံကို ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ခေါင်းဆောင်များ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)မှ ခေါင်းဆောင်များ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အသီးသီးတို့မှ ခေါင်းဆောင်များ၊ ဦးခွန်ချစ်မောင် ဦးဆောင်သော(ရလလဖ)အဖွဲ့မှ ခေါင်းဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများမှခေါင်းဆောင်များ၊ ပအိုဝ်းလူမှုအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ လူထုကိုယ်စားလှယ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ အစရှိသည့် အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံမှ ကိုယ်စားလှယ်များ စုံလင်စွာတက်ရောက်ခဲ့ကြပြီး ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတို့တွင် ပအိုဝ်းတိုင်းရင်းသားလူမျိုးကိုယ်စားပြုပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံနိုင်ရန် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ"ကို ဖွဲ့စည်းတည်ထောင်သွားရန် တက်ရောက်လာသူ ညီလာခံကိုယ်စားလှယ်အားလုံးတို့က သဘောတူညီခဲ့ကြသဖြင့် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ"ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများရှင် – ပအိုဝ်းတိုင်းရင်းသားနှင့် အတူနေ ညီနောင်တိုင်းရင်းသား မိဘပြည်သူတို့၏ တစ်ခဲနက်အားပေးဝန်းရံထောက်ခံခဲ့မှုတို့ကြောင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးလုံး ရွေးကောက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ရွေးကောက်ခံခဲ့ရပါတယ်ရှင်။ ထိုသို့ရွေးကောက်ခံခဲ့ကြရသဖြင့် လွှတ်တော်အသီးသီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်တို့သည် နိုင်ငံတော်နှင့် မိဘပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့ကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ပေးခဲ့ကြပါတယ်ရှင်။

ရွေးကောက်ပွဲအသီးသီးတို့တွင် အနိုင်ရရှိခဲ့သော ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီသည် "လူမှုစီးပွားဘဝမြင့်မားဖို့ နဂါးကိုမဲပေးစို့"ဟူသည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ပုဒ်၊ "ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နဂါးကိုမဲပေးကြစို့"ဟူသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်နှင့် "လူမှုစီးပွားတိုးတက်ဖို့ "နဂါး" မဲကို ထည့်ကြစို့"ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်တို့အတိုင်း နိုင်ငံတော်နှင့် မိဘပြည်သူလူထုတို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို ရှေးရှုကာ NCA ပြဋ္ဌာန်းချက်တို့နှင့်အညီ "ပအိုဝ်း"လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဦးစီးဦးဆောင်ကျင်းပခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းတို့တွင် အလေးထားပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်နည်းဥပဒေတို့ ပြဋ္ဌာန်းလာနိုင်စေရန် စွမ်းစွမ်းတမံပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုတို့၏ လိုအပ်ချက်တို့ကို သိရှိဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူငယ်နှင့် အမျိုးသမီးစွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မိဘပြည်သူတို့အတွက် အချိန်နှင့်အမျှ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် အဆိုများတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများကို တင်ပြမေးမြန်းခြင်း၊ အမျိုးသားလက္ခဏာနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ဆေးပေးခန်းရရှိရေးနှင့် အဆင့်မြှင့်တင်ရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တန်ဖိုးမြင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်ငွေတိုးစေသည့် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးကို အထောက်အကူပြုသည့် အားကစားလှုပ်ရှားမှုတို့ကို အားပေးကူညီဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးဒဏ်သင့် မိဘပြည်သူများအား ပံ့ပိုးကူညီပေးခြင်း၊ လူငယ်ကိုအန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများပပျောက်ရေး အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း အစရှိသည့် မိဘပြည်သူအကျိုးပြုလုပ်ငန်းများကို လွှတ်တော်များမှ တစ်ဆင့်သော်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် သက်ဆိုင်ရာလူမှုအဖွဲ့အစည်းအသီးသီးတို့နှင့် လက်တွဲဆောင်ရွက်၍သော်လည်းကောင်း၊ ဒေသခံမိဘပြည်သူလူထုတို့နှင့် ညှိနှိုင်းပေါင်းစပ်၍သော်လည်းကောင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းနှင့် မိဘပြည်သူလူထုအကျိုးပြုလုပ်ငန်းတို့ကို ကျွန်မတို့ပါတီက စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်ရှင်။

**ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင်**

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထုကြားမှ ပေါက်ဖွားလာသော ပါတီတစ်ရပ်ဖြစ်သဖြင့် မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ပါတီ၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များအဖြစ် အလေးအနက်ခံယူကာ အဆိုပါ မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန် အစဉ်တစိုက် နည်းလမ်းကောင်းများကိုရှာဖွေပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ လက်ရှိကာလတွင် မိဘပြည်သူလူထုတို့အတွက် အဓိကလိုအပ်နေသည့် လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်ကြောင်းကို သိမြင်တွေ့ရှိရပါတယ်ရှင်။ ဒေသတည်ငြိမ်အေးချမ်းပါမှ မိဘပြည်သူလူထုတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသည့်ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် အသက်တမျှ အရေးကြီးနေသောအရေးကိစ္စပင်ဖြစ်ပါတယ်ရှင်။



သို့ဖြစ်ရာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် "တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ "နဂါး"မဲကို ပေးကြစို့" ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်အတိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါကြောင်းကို မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ အဆိုပါ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားနိုင်ရန် လာမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကျွန်မတို့ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အတွက် ရှမ်းပြည်နယ်အတွင်း မဲဆန္ဒနယ်ပေါင်း ၂၉ နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံသွားမှာဖြစ်ပါကြောင်း မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးတို့သည် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ ပြည့်ဝကြပြီး စွမ်းဆောင်ရည်မြင့်မားသူများဖြစ်ကာ အားလုံးနီးပါးတို့သည် ပညာရပ်အသီးသီးတို့၌ တတ်မြောက်ဘွဲ့ရကြသူများဖြစ်ကြပါတယ်ရှင်။ မျိုးဆက်သစ်လူငယ်နှင့် အမျိုးသမီးတို့ ပိုမိုပါဝင်လာနိုင်စေရန်ရည်ရွယ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့တွင် အသက် ၄၀ အောက် လူငယ် ၅၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၀ ရာခိုင်နှုန်းပါဝင်ပါကြောင်းကိုလည်း မဲဆန္ဒရှင်မိဘပြည်သူတို့အား လေးစားစွာအသိပေးတင်ပြအပ်ပါတယ်ရှင်။

**ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင်**

ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ အလေးထားဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်တို့ကို အောက်ပါအတိုင်း လေးစားစွာတင်ပြအပ်ပါတယ်ရှင် –

(၁) ဒေသငြိမ်းချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်။

(၂) လူမျိုးဘာသာမရွေး လူသားများအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ တိုင်းရင်းသားများ ရင်းနှီးချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်။

**စာမျက်နှာ ၁၃ သို့ ⊃**

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓမြတ်စွယ်တော် (၁၂၆)ကြိမ်မြောက် ပူဇော်မှုမင်္ဂလာအခမ်းအနားကျင်းပ



ပြည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓမြတ်စွယ်တော် (၁၂၆)ကြိမ်မြောက် ပူဇော်မှုမင်္ဂလာအခမ်းအနားကို အောက်တိုဘာလ ၃၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြတ်စွယ်တော်တိုက်အတွင်းရှိ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်သည့် ပတ္တမြားစေတီအား မင်္ဂလာမဏ္ဍပ်အတွင်းရှိယာယီပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြတ်စွယ်တော်တိုက်အတွင်းရှိ မူလကြေးစေတီတော်၊ ရွှေကလပ်တော်၊ ရွှေစန္ဒကူးကြုတ်တော်နှင့် စိန်စေတီတော်တို့အား မင်္ဂလာမဏ္ဍပ်အတွင်းရှိ ယာယီပလ္လင်တော်ပေါ်သို့ အသီးသီးပင့်ဆောင်ပေးကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော် (၁၂၆)ကြိမ်မြောက် ဖွင့်လှစ်အပူဇော်ခံ မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပေးကြပြီး လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကုမာရဆရာတော်ကြီးထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ယင်းနောက် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ နာယကဆရာတော်ကြီးများက ပတ္တမြားစေတီတော်မှ ဗုဒ္ဓမြတ်စွယ်တော်အား စိန်စေတီတော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြရာ အနုပညာရှင်များက တေးထပ်ရတုလွတ်တို့ဖြင့် သီဆိုပူဇော်ပေးကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ညွှန့်ပရိသတ်များက ကြွရောက်လာသည့် ဩဝါဒါစရိယဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ အနုမောဒနာတရား နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် အမျှအတန်းပေးဝေကြကြောင်း သိရသည်။ **ဥဿာတိုင်းသား**

**⊃ စာမျက်နှာ ၁၂ မှအဆက်**

(၃) ပြည်သူလူထုလုံခြုံမှုရှိရေး၊ ကျန်းမာရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွားမြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) လူငယ်များ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် နည်းပညာကို အခြေခံသောစီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) ပအိုဝ်းလူမျိုးနှင့် အတူနေ ညီနောင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များနှင့် အခွင့်အရေးများအားလုံးကို အလေးထားကာကွယ်စောင့်ရှောက်မြှင့်တင်သွားမည်။

(၇) ပအိုဝ်းလူမျိုးတို့၏ ဂုဏ်အင်္ဂါရပ်များနှင့်လျော်ညီသည့် ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များရရှိအောင် ဥပဒေနှင့်အညီအလေးထားဆောင်ရွက်သွားမည်။

(၈) အထူးဒေသ(၆)အတွင်းရှိတိုင်းရင်းသားပြည်သူများ၏ လူမှုဘဝလုံခြုံအေးချမ်းရေးအတွက် စည်းရုံးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကိုအလေးထားဆောင်ရွက်သွားမည်။

(၉) အထူးဒေသ(၆)နှင့် ပအိုဝ်းလူမျိုးများနေထိုင်ရာဒေသ ပေါ်လွင်ထင်ရှားမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်တို့ပဲ ဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် မိဘပြည်သူလူထုတို့က ရွေးကောက်တင်မြှောက်စေလွှတ်ပါက မိဘပြည်သူလူထုတို့ကိုယ်စား နိုင်ငံ့ရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့ကို မိဘပြည်သူတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို မိဘပြည်သူလူထုတို့က အားပေးဝန်းရံ ဆန္ဒမဲပေးကြလိမ့်မည်ဟုလည်း ကျွန်မတို့ပါတီက မိဘပြည်သူလူထုတို့ကို အပြည့်အဝ ယုံကြည်အားကိုးပါကြောင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီကို ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်မိဘပြည်သူတစ်ဦးချင်းစီတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်ရှင်။ မိဘပြည်သူလူထုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**"တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ "နဂါး"မဲကို ပေးကြစို့"**

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲသီချင်းစာသား(ဘာသာပြန်)**

**တိုင်းပြုပြည်ပြုရတနာ**

- အနက်ရောင် ရိုးရာဝတ်စုံကို ပအိုဝ်းဇာတိဓလေ့ထုံးတမ်းတို့နှင့်အညီ ဆင်မြန်းကြလို့ကွယ်၊
- ပအိုဝ်းစကားကိုလည်း ပြောဆိုကြလို့ကွယ်၊ ပအိုဝ်းစာကိုလည်း သင်ယူတတ်မြောက်ကြပါပေတယ်၊
- မျိုးချစ်စိတ်အပြည့်နဲ့ အမျိုးသားအရေးတို့ကို အလေးထားဦးဆောင်ဦးရွက်တာဝန်ထမ်းကြပါပေတယ်၊
- ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ တွဲလက်ကိုမဖြုတ်ဘဲ အမျိုးသားတာဝန်ကို ကိုယ်စီထမ်းရွက်ကြပါပေတယ်၊
- တိုးတက်မြင့်မားရာကို ထွန်းပေါက်ရောက်ရှိဖို့ရာ စိတ်မှာအောင်အဓိဋ္ဌာန်ထားရှိပြီး ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း ပအိုဝ်းဖြစ်ရ ဤဘဝတစ်ခဏဝယ် "ပအိုဝ်းရတနာ"လို့ ခေါ်တွင်ထိုက်စေရမယ်၊ မင်းမျိုးဝိဇ္ဇာ နဂါးမျိုးနွယ်တို့ "ပအိုဝ်းရတနာ"တွေပဲကွယ်၊
- တို့တစ်တွေ နေထိုင်တဲ့ဒေသဟာ သတင်းမွှေးပျံ့နေတဲ့ သာယာသောတိုင်းပြည် ဖြစ်နေစေဖို့ပါ၊
- ရာသီဥတုမျှတပြီး စိုက်ပျိုးရေးလုပ်ငန်း အသီးအပွင့်များဖြစ်ထွန်းကာ အသက်မွေးဝမ်းကျောင်း စီးပွားရေးအောင်မြင်ထွန်းကားပြီး ကျန်းမာရေးကောင်းမွန်တဲ့ တို့ရေမြေမှာ သာသနာလည်းထွန်းကားလို့ တည်ငြိမ်အေးချမ်းတာမို့ တို့ရတနာတိုင်းပြည်မှာ အိုးစည်ဗုံမောင်းသံသာတွေ ဟည်းထပ်နေလို့ပါပဲကွယ်၊
- "မင်းကောင်း"လို့ ကျော်ကြားနေတဲ့ "နဂါး"အမှတ်တံဆိပ်ကို တို့ရင်ထဲစွဲမြဲတာမို့ "နဂါး"ကို တို့တစ်တွေအားလုံး မဲပေးကြပါစို့၊
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟာ လူထုအကျိုးကို ဦးဆောင်သယ်ပိုးတဲ့အဖွဲ့ပါ၊
- ရွေးကောက်ပွဲဟာ ပြန်လည်ရောက်ရှိလာပြီမို့ ဒီတစ်ကြိမ်လည်း တို့အခွင့်အရေးတွေ မဆုံးရှုံးရအောင်ကွယ်၊ ကံ(စေတနာ)ကောင်းခြင်း၊ ကံ(စေတနာ)မြင့်မားခြင်းတို့နှင့်အတူ မင်းမျိုးညီနောင်တို့ပအိုဝ်းတိုင်းပြုပြည်ပြုရတနာတွေ အရွေးကောက်ခံထိုက်ပါပေတယ်ကွယ်။

## ရောင်စုံပန်းများ ပူးပွင့်ချိန်

❖ ပန်းတစ်ပွင့်လို၊ လန်းစွင့်ကြိုင်သင်း
ရနံ့ဆင်းလှ၊ မေတ္တာ မျှဝေ
"ဘယ်သူတွေသာ၊ မွှေးစေရာ..ဟု
ဘယ်ဝါ ချန်ထား၊ မမွှေးငြား"ဟု
လွဲလွဲမှားမှား၊ မခွဲခြားဘဲ
တစ်သားတည်းပင်၊ မွှေးစေချင်၏။

❖ နုနယ်ဆန်းတင့်၊ ပန်းပွင့်အလှ
ရှုမဝပေ၊ ပန်းတွေဝေလျှင်...
"ဘယ်သူတွေတော့၊ မြင်စေရော့...ဟု
ဘယ်သူတော့လေ မမြင်စေ.."ဟု
စိတ်နေကွဲပြား၊ ခွဲခြားငြိုငြင်
မဆိုချင်ပါ၊ တူမျှစွာတည့်။

❖ ထို့အတူပေ၊ လူတွေလူချင်း
ဆက်ဆံခြင်းမှာ၊ မေတ္တာရှေးရှု
"ဘယ်သူ့ကိုမှ၊ ငါပြုံးပြမည်
ဘယ်သူ့ကျမုန်း၊ ငါမပြုံး"ဟု
စံနှုန်းနှစ်ထွေ၊ မရှိစေရာ
ညီစွာရွှင်ပြုံး၊ စိတ်နှလုံးတွင်
မမုန်းခင်မင်၊ ချစ်စေချင်၏။

❖ ပန်းလိုကျင့်က၊ စိတ်ထားလှ၍
ရွှန်းပသင်းပျံ့၊ မွှေးရနံ့နှင့်
နူးညံ့ကြော့ရှင်း၊ ရောင်ဆင်းပြည့်စုံ
လှူ့ဘုံလှူ့ရွာ၊ မြေကမ္ဘာဝယ်
မေတ္တာသွယ်တန်း၊ ရောင်စုံလွှမ်း၍
စိမ့်စမ်းပမာ ကြည်သာရွှင်။
ပန်းများပွင့်မှာ ထာဝစဉ်။ ။

**အကျော်ပင်**

# ရထားဖြင့်ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

၁။ ရန်ကုန် – နေပြည်တော် – မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၇)အဆန်/(၈)အစုန်၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် RBE ရထားများဖြင့် စီးနင်းလိုက်ပါလိုကြသည့် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့စီးနင်းလိုက်ပါလိုသည့် ခရီးစဉ်များအလိုက် ရထားလက်မှတ်များကို အဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် မိမိစတင်ခရီးသွားရောက်လိုသည့် အောက်ဖော်ပြပါဘူတာများနှင့် ယှဉ်တွဲပါဆက်သွယ်ရန်ဖုန်းနံပါတ်သို့ ခရီးသွားမည့်နေ့ရက်မတိုင်မီ (၅)ရက် အလိုမှစ၍ ကြိုတင်မှတ်ပုံတင်ခြင်း(Booking) ပြုလုပ်နိုင်ပါသည်–

| | |
|---|---|
| ရန်ကုန်ဘူတာကြီး – (၀၉–၈၈၀၉၄၂၆၀၈) | တိုးကြောင်ကလေးဘူတာ– (၀၉–၈၈၀၉၄၂၆၀၉) |
| ပဲခူးဘူတာ – (၀၉–၈၈၀၉၄၂၆၀၆) | ဖြူးဘူတာ – (၀၉–၈၈၀၉၄၂၆၀၅) |
| တောင်ငူဘူတာ – (၀၉–၈၈၀၉၄၂၆၀၄) | ပျဉ်းမနားဘူတာ – (၀၉–၈၈၀၉၄၂၆၀၁) |
| နေပြည်တော်ဘူတာ – (၀၉–၈၈၀၉၄၂၆၀၂) | တပ်ကုန်းဘူတာ – (၀၉–၈၈၀၉၄၂၆၁၃) |
| ပျော်ဘွယ်ဘူတာ – (၀၉–၈၈၀၉၄၂၆၀၇) | သာစည်ဘူတာ – (၀၉–၈၈၀၉၄၂၆၁၀) |
| ကျောက်ဆည်ဘူတာ – (၀၉–၈၈၀၉၄၂၆၁၁) | မန္တလေးဘူတာ – (၀၉–၈၈၀၉၄၂၆၁၂) |

၂။ ခရီးသွားမည့်သူက အထက်ပါသက်ဆိုင်ရာတယ်လီဖုန်းအမှတ်သို့ ဖုန်းအဆက်အသွယ်ရရှိသည့်အခါ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက အောက်ပါအချက်အလက်များကိုမေးမြန်း၍ မှတ်တမ်းတင်ထားရှိပါမည်–

(က) ခရီးသွားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ခ ) ရထားစီးနင်းလိုက်ပါလိုသည့် နေ့ရက်၊ ခရီးစဉ်၊ ရထားအမှတ်နှင့် တွဲအတန်းအစား။

၃။ ထို့နောက် ခရီးသွားမည့်နေ့ရက်မတိုင်မီ (၃)ရက်အလိုတွင် အဆိုပါဖုန်းနံပတ်သို့ထပ်မံ ဖုန်းဆက်သွယ်ရပါမည်။ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်းက ခရီးသွားမည့်သူ၏ ခရီးစဉ်အတိုင်း ထိုင်ခုံနေရာလစ်လပ်မှုရှိပါက ခရီးသွားမည့်သူထံသို့ Viber မှတစ်ဆင့် လက်မှတ်ကျသင့်ငွေပမာဏနှင့် MMQR Code အား ပေးပို့ပါမည်။ ခရီးသွားမည့်သူက မည်သည့် Online Payment အမျိုးအစားနှင့်မဆို MMQR ဖြင့် ငွေပေးချေနိုင်ပြီး မီးရထားဝန်ထမ်းနှင့်ဆက်သွယ်မှုပြုလုပ်ပြီးသည်မှ (၁)နာရီအတွင်း ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို Screenshot ပြုလုပ်၍ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်း၏ အထက်ပါ သက်ဆိုင်ရာဖုန်း/ Viber အမှတ်သို့ ပြန်လည်ပေးပို့ရပါမည်။ မီးရထားဝန်ထမ်းက ငွေပေးသွင်းပြီးကြောင်းအထောက်အထားရရှိပါက ခရီးသွားမည့်သူ၏ထံသို့ စီးနင်းလိုက်ပါရမည့်ခရီးစဉ်အတိုင်း တွဲ/ထိုင်ခုံနံပါတ်တို့အား ပြန်လည်ပေးပို့ပါမည်။ ခရီးသွားမည့်သူသည် သက်ဆိုင်ရာရထားစီးနင်းမည့်ဘူတာသို့ ရထားမထွက်ခွာမီ (၁)နာရီအလို ကြိုတင်လာရောက်၍ ဘူတာလက်မှတ်ရုံ၌ ငွေပေးသွင်းပြီးကြောင်းအထောက်အထားပြသ၍ ရထားလက်မှတ်အားတောင်းခံထုတ်ယူရပါမည်။

၄။ ထို့ပြင် ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များအား ပိုမိုအဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ကြစေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်များအား Online မှ ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP ) စနစ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ပါ၍ မကြာမီကာလအတွင်း အဆိုပါစနစ်အား ရန်ကုန်–မန္တလေးရထားလမ်းပိုင်းအတွင်းပြေးဆွဲပေးနေသော လူစီးရထားများအတွက် ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

၅။ ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်ခအပိုကြေးပေးရခြင်း၊ လက်မှတ်မှောင်ခိုဝယ်ယူရခြင်းများ ကြုံတွေ့ရပါကလည်း အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်–

| | | |
|---|---|---|
| (က) | အထွေထွေမန်နေဂျာ(စီးပွားရေး) | ၀၉–၈၉၁၇၅၀၀၀၈ |
| ( ခ ) | ဒုတိယအထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉–၈၉၁၇၅၀၁၃၆ |
| ( ဂ ) | လက်ထောက်အထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉– ၈၉၁၇၅၀၁၃၉ |
| (ဃ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉–၈၉၁၇၅၀၀၂၁ |
| ( င ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉–၈၉၁၇၅၀၀၂၀ |
| ( စ ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉–၈၉၁၇၅၀၀၁၉ |
| (ဆ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉–၈၉၁၇၅၀၁၀၁ |
| ( ဇ ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၄) သာစည် | ၀၉– ၈၉၁၇၅၀၁၀၃ |
| (ဈ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉– ၈၉၁၇၅၀၁၀၅ |
| (ည) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၆) ရန်ကုန် | ၀၉– ၈၉၁၇၅၀၁၀၇ |
| ( ဋ ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉– ၈၉၁၇၅၀၁၀၉ |

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှဆရာတော်၊ သံဃာတော်များနှင့်သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူ

မုံရွာ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့်မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ၃ တိုက်မှ ဆရာတော်၊ သံဃာတော်များနှင့်သီလရှင်ကျောင်းတိုက် ၅ ကျောင်းမှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပသည်။



လှူဒါန်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်မိသားစုဝင်များ၊ မုံရွာမြို့ပေါ်ရှိ MSME ၊ ဟိုတယ်/တည်းခိုရိပ်သာ၊ မော်တော်ယာဉ်ငယ်အသင်းနှင့်စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့်ဝတ္ထုငွေများ လောင်းလှူခဲ့ကြပြီးသီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မုံရွာမြို့အား မြို့အင်္ဂါအရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် ရပ်ကွက်နေပြည်သူများစိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်ရေးအတွက် မုံရွာမြို့၊ ကျောက္ကာလမ်းမှ မြို့ပတ်လမ်းအထိ ရထားသံလမ်းတစ်လျှောက် မုံရွာမြို့ပေါ်ရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများမှဝန်ထမ်းများကို တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မုံရွာတက္ကသိုလ်မှ ပြည်ထောင်စုလမ်းအထိ အရှည်ပေ – ၂၀၀၀ ရှိကျောက္ကာလမ်းမကြီး လမ်းဘေးဝဲ/ယာနေအိမ်နှင့်ဈေးဆိုင်များရှေ့တွင် မြို့အင်္ဂါရပ်နှင့်အညီအမြင်တင့်တယ်ကာ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကွန်ကရစ်ခင်းခြင်း၊ ပလက်ဖောင်းကပ်တုံးများပြုလုပ်ခြင်းနှင့် ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုကြည့်ရှုခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီးပြန်/ဆက်။**

# အဆောက်အဦဦးစီးဌာနမှဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့် တွေ့ဆုံ၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (Oncology Unit) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆောက်အဦဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ဆောက်လျက်ရှိသော အမျိုးသားကင်ဆာရောဂါကုသရေးဌာန(Oncology Unit)တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကင်ဆာရောဂါကုသရေးဌာန အစည်းအဝေးခန်းမ၌ အဆောက်အဦဦးစီးဌာန အထူးအဖွဲ့များမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာ အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းတာဝန်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ရည်မှန်းချက်နှင့်အညီနိုင်ငံတစ်ဝန်းလမ်းပန်းဆက်သွယ်ရေးနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကိုလိုက်နာကျင့်ကြံရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အဆိုပါအစည်းအဝေးခန်းမ၌ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (Oncology Unit)ကို တာဝန်ယူတည်ဆောက်လျက်ရှိသော အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁) တာဝန်ခံအင်ဂျင်နီယာက ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် (မြို့ပြ/ရေသန့်/လျှပ်စစ်) လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းတင်ပြရာဒုတိယဝန်ကြီးက ဆေးရုံအဆောက်အအုံအား ငလျင်ဒဏ်ခံနိုင်အောင် ထပ်မံအားဖြည့်ထားသည့် Shear Wall များ ၊ Secondary Beams များအား Structure ဒီဇိုင်းပါအတိုင်း Q.Cအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် သေချာစွာဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ဆေးရုံအုပ်ကြီးနှင့်အတူ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (Oncology Unit) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်အတွင်းအသေးစိတ်လိုက်လံလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆောက်အအုံသည် (၈)ထပ် အဆောက်အအုံဖြစ်ပြီး ပြည်သူများ ဆောလျင်စွာ ဆေးကုသမှုခံယူနိုင်ရန် မြေညီထပ်ကင်ဆာခတ်ရောင်ခြည်ကုသခန်းများအားဦးစွာတည်ဆောက်အသုံးပြုနေပြီဖြစ်ပြီး ကျန်အထပ်များအားလည်း ယခုဘဏ္ဍာနှစ်အတွင်းအပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ပဒေသာပင်ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်အရှင်သူမြတ်များထံမှ သီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါစုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၃၇ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၉ ခုကိုလည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၅၄၈ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၆၂ ခုကို လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၇၈ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၃ ခုကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၃၅၃ သိန်းကျော်တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၃၂ ခုကို လည်းကောင်းသက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၂-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၁၅ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၀ | ၂၉၁၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၅ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၉၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၇၀ | ၂၅၃၅ | ၂၄၇၀ | ၂၅၇၅ | ၂၅၉၀ | ၂၆၁၀ | ၂၅၂၅ | - | ၂၈၂၀ | ၂၅၄၅ | ၃၂၃၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၀၅ | ၂၈၆၀ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၃ | ၂၆၂၇ |
| 95 Ron | ၂၆၃၇ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၉ |
| HSD (50 ppm) | ၂၈၂၀ | ၂၉၀၆ |
| HSD (10 ppm) | ၂၈၂၀ | ၂၉၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်ဆုချီးမြှင့်




**နေပြည်တော် နိုဝင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် ရန်ကုန်ဇုန်(က)အသင်းနှင့် မန္တလေးဇုန်(က)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲပြီးချိန်အထိ တစ်ဖက် ၁ ဂိုးစီဖြင့် သရေကျနေသဖြင့် ပယ်နယ်တီကန်သွင်းကြရာ မန္တလေးဇုန်(က)အသင်းက ရန်ကုန်ဇုန်(က)အသင်းကို ၆ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က Royal-D မိသားစုကိုလည်းကောင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဆန်းဝင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန့်ဇင်ထွန်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်များကို ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက နေရာအလိုက်အကောင်းဆုံးဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်အထူးဆုရရှိသော ရန်ကုန်ဇုန်(ခ)အသင်းကို ပညာရေးဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်က ငွေသားဆုငွေကျပ်၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော မန္တလေးဇုန်(ခ)အသင်းကို ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရန်ကုန်ဇုန်(က) အသင်းကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ်သိန်း ၃၀ ကိုလည်းကောင်းပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသော မန္တလေးဇုန်(က)အသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုငွေကျပ်သိန်း ၅၀ နှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး ပညာရေးဒီဂရီကောလိပ်ခုနစ်ကျောင်းမှ နေရပ်မပြန်နိုင်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်စရိတ်ထောက်ပံ့ချီးမြှင့်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူသည်။

ယနေ့နံနက်ပိုင်းတွင်တတိယနေရာလုပွဲကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ရန်ကုန်ဇုန်(ခ)အသင်းနှင့် မန္တလေးဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြစဉ် ပွဲပြီးချိန်ထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ မန္တလေးဇုန်(ခ)အသင်းက ရန်ကုန်ဇုန်(ခ)အသင်းကို ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဦးစီးဌာနအလိုက်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြဝတီ**

◆ **ထိုင်းဖိတ်ခေါ် ယူ-၁၇ မှ**

ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပြိုင်ဘက်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး နှစ်ဖက်အသင်း အပြန်အလှန်တိုက်စစ်ဆင်ကစားကြရင်း ပထမပိုင်းတွင်မြန်မာ Falcon အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် ဘီဂျီပါသွန်ယူနိုက်တက်အသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းပွဲပြီးခါနီးတွင်မြန်မာ Falcon အသင်းက တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၂ ဂိုး ၁ ဂိုးရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာ Falcon အသင်းသည် ပထမနေ့ပြိုင်ပွဲတွင် ထိုင်းကလပ် သာနာခမ်ချောင်ဘူရီအသင်းကို ၄ ဂိုး ၃ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယနေ့တွင် ထိုင်းကလပ် Prime အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယနေ့တွင် ထိုင်းကလပ် ဘီဂျီ ပါသွန်ယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းကကလပ်ငါးသင်း၊ ဗီယက်နမ်၊ မြန်မာနှင့်ဂျပန်တို့မှ အသင်းတစ်သင်း စုစုပေါင်းအသင်းရှစ်သင်းကို လေးသင်းအုပ်စုနှစ်စုခွဲ၍ အောက်တိုဘာလ ၃၀ ရက်မှစတင်ကျင်းပခဲ့သည်။ မြန်မာ Falcon အသင်းသည် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်ပြီး အာရှဖလားယူ-၁၇ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| သရက် | ၃ | ဒသမ | ၅၄ | လက်မ |
| ရန်ကုန်(ဗိုလ်တထောင်မြို့နယ်) | ၂ | ဒသမ | ၈၇ | လက်မ |
| လှည်းကူး | ၂ | ဒသမ | ၈၇ | လက်မ |
| ဟိုင်းကြီးကျွန်း | ၂ | ဒသမ | ၆၄ | လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | ၂ | ဒသမ | ၄၃ | လက်မ |
| အောင်လံ | ၂ | ဒသမ | ၀၅ | လက်မ |
| မှော်ဘီ | ၁ | ဒသမ | ၉၇ | လက်မ |
| ဒေးဒရဲ | ၁ | ဒသမ | ၇၈ | လက်မ |
| ဥက္ကံ | ၁ | ဒသမ | ၇၇ | လက်မ |
| အုတ်ဖို | ၁ | ဒသမ | ၇၇ | လက်မ |
| ပေါင် | ၁ | ဒသမ | ၆၁ | လက်မ |



သီပေါမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို တွေ့ရစဉ်။

■ **ကျောဖုံးမှအဆက်**

အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၁၀၂ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၄၇၀ ဦးအထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှအခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၉ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၂၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ လာဘမုနိတရုတ်ဘုံကျောင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ပြီး တပ်မတော်မှ တာဝန်ရှိသူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ဒေသခံပြည်သူများက တက်ရောက်ဖွင့်လှစ်ခဲ့ကြသည်။ အဆိုပါဆေးရုံကြီး၌ ယနေ့တွင် ပြင်ပလူနာ ၈၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာ ၁၀ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိလာပါက ထိုက်တန်စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးနှင့် စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်/ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းဝင်အားကစားအဖွဲ့များ၏ စခန်းသွင်းစားစရိတ်ကို တစ်ဦးလျှင်တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းမှ ၂၀၂၅ ခုနှစ် ဇူလိုင်လမှစတင်ကာ ငွေကျပ် ၁၂၀၀၀ နှုန်းထိ တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အတွက် အားကစားသမားများကို ကယ်လိုရီစံနှုန်းများနှင့်ကိုက်ညီပြီး အာဟာရဖြစ်စေမည့် အစားအသောက်များကို တစ်ရက်လျှင် ခြောက်ကြိမ်နှုန်းဖြင့် ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်မှပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ၏လုပ်ငန်းတာဝန် (၇)ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင်အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီး/ ပြည်နယ်များမှ ကူညီထောက်ပံ့စေခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကူညီထောက်ပံ့ပေးစေလိုကြောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီး/ပြည်နယ်နှင့် ဝန်ကြီးဌာနများမှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးပြီး သင့်လျော်သည့် ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်း၊ အလုပ်အကိုင်များဖန်တီး၍ ဂုဏ်ပြုပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများ ရရှိလာပါက ဂုဏ်ပြုထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

မြဝတီ

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၁၅ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်အပါအဝင် မြို့နယ် ၇ မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများနှင့် ဌာနဆိုင်ရာရုံးများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရေကြီးခြင်း သတိပေးချက်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့နံနက် ၉ နာရီအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄°C / ၃၄°C |
| ရန်ကုန် | ၂၂°C / ၃၀°C |
| မန္တလေး | ၂၅°C / ၃၅°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Naga region expands sown acreage of rainfed paddy this year

NAGA November 1

Local farmers expanded sown acreage of rainfed paddy in Naga Self-Administered Zone in Sagaing Region this year, according to the statistics of Sagaing Region Agriculture Department.

During the 2025–2026 monsoon crop season, the Naga Self-Administered Zone had set a target to cultivate 25,400 acres of rainfed paddy. Planting began in May this year, and as of today, 26,642 acres have already been cultivated, surpassing the target, according to reports.

"This year, the target for rainfed paddy cultivation in the Naga Self-Administered Zone was 25,400 acres. To date, 26,642 acres have been planted, which exceeds the target. Farmers are being provided with the necessary technologies and paddy varieties, and field supervision is being carried out to ensure timely cultivation," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

Local farmers planted 3,330 acres of rainfed paddy in Leshi Township, 2,028 acres in Sumra, 5,884 acres in Lahe Township, 1,511 acres in Thangpakhwe, 3,201 acres in Nanyun, 4,909 acres in Donhee and 5,779 acres in Pansawng, totalling 26,642 acres.

In 2025-2026 monsoon crop growing season, Leshi Township earmarked cultivation of 3,330 acres of rainfed paddy, 2,028 acres in Sumra, 5,884 acres in Lahe Township, 1,511 acres in Thangpakhwe, 2,556 acres in Nanyun, 4,909 acres in Donhee and 5,182 acres in Pansawng, totalling 25,400 acres.

During this year's monsoon crop season, township agriculture departments and local farmers are working together to ensure systematic cultivation of rainfed paddy without difficulties.

Farmers in the Naga Self-Administered Zone are being provided with agricultural technologies, awareness on pest prevention, measures to avoid crop damage or loss, and guidance to ensure harvested paddy is timely placed under shelter.

This year, the rainfed paddy fields cultivated in the Naga Self-Administered Zone are thriving. To ensure good yields, township agriculture departments and staff are conducting field supervision, providing guidance on selecting quality and pure seeds, preventing pest infestations, transplanting seedlings, weeding, and applying fertilizers systematically.

**SK**

# Pyapon Township ships large quantity of dried Spanish mackerels to Yangon market

PYAPON November 1

"Large quantity of dried Spanish mackerels from Pyapon Township, Ayeyawady Region were sold to the Yangon market," said Daw Hla Hla Htay, owner of the dried fish sales center in Pyapon Township.

Pyapon Township sold 67,000 visses of dried Spanish mackerels to the Yangon market.

"Dried sea Spanish mackerels are being systematically produced and mainly transported to the Yangon market. In the last month, 67,000 visses of dried Spanish mackerels were sold. The dried sea fish currently being sold are dried sea fish made in summer. The dried sea fish are being bought by local consumers," she said.

Seafood traders in Pyapon Township are making fish paste and dried fish and transporting dried fish, including local dried Spanish mackerels, to the Yangon market.The price of dried Spanish mackerels is up to Ks-345,000 per viss.

**SK**



# Htigyaing Township to grow more than 12,000 acres of groundnut in coming cold season

HTIGYAING November 1

The statistics of Htigyaing Township mentioned that local authorities have earmarked cultivation of more than 12,000 acres of groundnut in Htigyaing Township of Sagaing Region in coming cold season this year.

During the 2025–2026 winter crop season, Htigyaing Township has set a target to cultivate 12,280 acres of groundnut. Planting will take place from October to December this year, according to reports.



"This winter season, more than 12,000 acres of groundnut will be cultivated in Htigyaing Township. Efforts are being made to meet the targeted acreage, and groundnut cultivation is thriving. As an oil crop, it is in a successful position, and groundnut production is improving year by year," said U Ko Ko Aung, Head of the Htigyaing Township Agriculture Department.

In Htigyaing Township, one and a half baskets of seeds are used per acre, with expenses exceeding Ks-200,000 per acre, including seed cost, labor charges, fertilizer, and pesticide. Each acre produces more than 50 baskets of groundnut on average.

This year, to ensure successful cultivation, prevent pest infestations, and keep fields free of weeds, township agriculture staff are carrying out field inspections and recording field monitoring data.

**SMK**

# Plan underway to grow more than 3,000 acres of vegetables in Myaung Township

MYAUNG November 1

Sagaing District Agriculture Department stated that local farmers will grow more than 3,000 acres of vegetables in Myaung Township of Sagaing Region in coming cold season this year.

During the 2025–2026 winter crop season, Myaung Township plans to cultivate 3,994 acres of vegetables, with planting scheduled from October to December this year, according to reports.

"This year, for the upcoming winter crop season, over 3,000 acres of vegetables will be cultivated in Myaung Township. The crops include mustard, chilli, coriander, potato, cabbage, eggplant, Chinese cabbage, and cauliflower. Farmers are being provided with technical support to grow all these vegetables under the GAP system. Guidance is also given to ensure that crops are grown with minimal chemical residue and in line with health standards," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Myaung Township this year, the Township Agriculture Department is conducting training courses for farmers on GAP-based cultivation methods, providing technologies to ensure the vegetables harvested are healthy and safe, and encouraging farmers to expand vegetable production.

Vegetables are cultivated in the township seasonally each year, and the crops have been successful, contributing to family income. The Township Agriculture Department will continue to educate farmers on proper cultivation methods, pest-free farming practices, and the use of natural fertilizers, biopesticides, and repellents.

**SMK**

# Budalin Township completes cultivation of more than 1,000 acres of cotton



BUDALIN November 1

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 1,000 acres of cotton crops as monsoon crops in Budalin Township of Sagaing Region this year.

For the 2025-2026 monsoon crop season, it is planned to cultivate 5,264 acres of cotton in Budalin Township. Cultivation began in June this year, and as of today, 1,058 acres have already been planted.

"The plan for this year's monsoon season in Budalin Township is to grow over 5,000 acres of cotton. Up to now, more than 1,000 acres have been completed, and efforts are being made to meet the target acreage. To ensure successful cotton production, quality and pure cotton seeds are being distributed so that farmers can conveniently plant them in time for the season," said U Phyo Wai, Head of the Budalin Township Agriculture Department.

This year, the Township Agriculture Department has been providing farmers with good quality cotton varieties, preventive measures against pests and diseases, correct cultivation methods for higher yields, and technical training courses to ensure successful and sustainable cotton cultivation.

The production cost of cotton is about Ks-350,000 per acre, and yields are around 1,000 viss per acre. Farmers are also able to intercrop with onion before cotton harvesting, and with green gram after cotton, which ensures continuous crop production and helps increase income.

Cotton is being successfully cultivated across 19 townships in Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts in Sagaing Region.

**SMK**

# Farmers harvest more than 10,000 acres of groundnut in Shwebo Township

SHWEBO November 1

Local farmers in Shwebo Township of Sagaing Region have harvested more than 10,000 acres of groundnut in the township this year, according to the township Agriculture Department.

In Shwebo Township, a total of 10,625 acres of groundnut were cultivated during this year's monsoon crop season. Harvesting of these groundnut fields began in August, and as of today, 10,011 acres have been harvested, with yields averaging 40.10 baskets per acre.

"This year, during the monsoon crop season, groundnut was cultivated on up to 10,625 acres in Shwebo Township. Harvesting is now underway, and over 10,000 acres have already been harvested. Cultivation has even exceeded the target acreage. As an oil crop, it is in a successful condition, and groundnut farming here has improved year by year," said U San Oo, Head of the Shwebo Township Agriculture Department.

It is learned that for groundnut cultivation in Shwebo Township, about one and a half baskets of seed are required per acre, and the production cost, including seed expenses, labor charges, fertilizer, and pesticide costs, amounts to over Ks-200,000 per acre, while yields can reach over 50 baskets per acre

This year, in order to ensure successful groundnut cultivation, prevent pest and disease outbreaks, and keep fields free of weeds, officials from the Township Agriculture Department carried out field inspections and maintained field-monitoring records.

**SK**

# Kanbalu Township fully harvests rainfed green grams

KANBALU November 1

All of the green grams planted in this year's rain crops planting season have been harvested in Kanbalu Township, Kanbalu District, Sagaing Region, according to the statistics of the Department of Agriculture for Kanbalu Township.

Kanbalu Township has been able to plant 88,724 acres of green grams during this year's rain crops planting season, and the green grams planted have been harvested since August this year. So far, 100 percent of the green grams have been harvested, yielding 18.17 baskets per acre.

"Currently, all the green grams planted have been harvested. The planting has been expanded beyond the target. There are education programs to expand green grams cultivation, and there are education programs to use good varieties for better yields," said U Myo Zaw, head of the Department of Agriculture for Kanbalu Township.

This year, the Township Agriculture Department has been educating farmers growing green grams in Kanbalu Township on the importance of obtaining good and clean varieties that are suitable for the region, proper planting methods, pest control, systematic use of fertilizers, and good yields. **SK**

# Kyunhla Township harvests more than 6,000 acres of maize



KYUNHLA November 1

According to the township Agriculture Department, local farmers have harvested more than 6,000 acres of maize planted in monsoon this year in Kyunhla Township of Sagaing Region.

In Kyunhla Township, a total of 15,016 acres of maize were cultivated during this year's monsoon crop season. Harvesting of these maize fields began in August, and as of today, 6,596 acres have been harvested, with yields averaging 48.67 baskets per acre.

"This year, during the monsoon crop season, maize was cultivated on up to 15,016 acres in Kyunhla Township. Harvesting is now in progress, and over 6,000 acres have already been completed. Cultivation exceeded the target acreage. To ensure successful maize production, we have provided awareness campaigns and measures to prevent pest and disease outbreaks," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

This year, maize farmers in Kyunhla Township were supported by the Township Agriculture Department through training sessions, field demonstrations, preventive measures against fall armyworm, integrated pest management systems, and the use of neem-based pesticides and ginger and chili extracts.

It is learned that in Kyunhla Township, maize yields over 50 baskets per acre with a production cost of around Ks-500,000 per acre. **SMK**

# Venezuela seeking military aid from Russia, China and Iran – WaPo

CARACAS November 1

Venezuela has requested assistance from Russia, China, and Iran to strengthen its defences amid the ongoing standoff with the US, the Washington Post claimed on Friday, citing US government documents.

According to the newspaper, Venezuelan President Nicolas Maduro sent a letter to Chinese President Xi Jinping requesting radar detectors and directly citing the "escalation" with the US. Caracas also reportedly urged Iran to provide radar-jamming equipment and drones capable of flying up to 1,000 km (around 600 miles).

The Washington Post cited documents indicating that Venezuelan Transport Minister Ramon Celestino Velazquez was set to deliver a letter to Russian President Vladimir Putin during his trip to Moscow last month, requesting unspecified missiles and assistance in repairing Su-30MK2 fighter jets and radar systems previously purchased by Venezuela. The report added that it is unclear how Russia, China, or Iran responded to the requests.

US President Donald Trump has accused Maduro of operating "macroterrorist" cartels that smuggle drugs into the US and has offered a bounty for his arrest. Washington has deployed a naval armada in the western Caribbean, and since September, has conducted strikes in international waters against more than a dozen alleged cartel vessels. Maduro has denied the allegations and accused Trump of "fabricating a new war."

On Monday, Russia ratified a strategic partnership treaty with Venezuela that was signed in May. Russian Foreign Ministry spokeswoman Maria Zakharova said this week that Moscow "supports Venezuela's defence of its national sovereignty" and will help it "overcome any threats, regardless of where they come from." **RT**

# Berlin airport operations suspended due to drone sighting




BERLIN November 1

Flight operations at Berlin Brandenburg Airport were suspended for about two hours on Friday evening following reports of a drone sighting, but the airport has since resumed normal operations, local media reported.

The German Press Agency quoted a police spokesperson as saying that at around 8 p.m. local time (1900 GMT), a witness reported seeing a drone near the airport, prompting the closure of the northern runway. Police officers in patrol vehicles later confirmed the sighting but were unable to locate the device.

The incident caused flight delays and diversions, with departures to Basel, Oslo and Barcelona suspended. Police deployed a helicopter during the operation, and Germany's Federal Aviation Office was also involved.

Flights on Saturday resumed as scheduled and were not affected by the incident.

Earlier in October, Munich Airport was closed several times due to suspected drone incursions, affecting more than 100 flights and nearly 10,000 passengers. Similar incidents have also been reported in Denmark, Norway and Poland.

German Chancellor Friedrich Merz said in October that the frequent drone incursions in Europe could be linked to "espionage activities" and attempts to "disrupt public order."

**Xinhua**

# 10 killed, many injured in stampede at Hindu temple in India's Andhra Pradesh



NEW DELHI November 1

At least 10 people were killed and many others injured Saturday in a stampede at a Hindu temple in the southern Indian state of Andhra Pradesh, officials said.

The accident occured at Venkateswara Swamy Temple in Kasibugga of Srikakulam District, about 548 km northeast of Amaravati, the capital city of Andhra Pradesh, where a large crowd had gathered on the occasion of Ekadashi, an auspicious day in Hinduism.

"The heavy rush of devotees led to overcrowding, resulting in injuries to many devotees, who were immediately rushed to nearby hospitals," an official said. "We are receiving reports that so far 10 people have been killed and many others are injured."

Reports said the crowd at the temple swelled beyond expected numbers, and management was unable to manage the rush effectively, thus leading to the stampede.

Police feared the death toll was likely to increase.

**Xinhua**

# China's Vice Premier to visit Uruguay and Brazil ahead of COP30

BEIJING November 1

Vice Premier of the State Council of China Ding Xuexiang will pay visits to Uruguay and Brazil from November 3-6, Chinese Foreign Ministry spokesperson Guo Jiakun said on Friday.

"At the invitation of the governments of Uruguay and Brazil, Member of the Standing Committee of the Political Bureau of the Communist Party of China Central Committee and Vice Premier of the State Council Ding Xuexiang will visit Uruguay and Brazil from November 3 to 5," Guo told a briefing.

On November 6, Ding will take part in the 30th UN Climate Change Conference (COP30) in the Brazilian city of Belem. Beijing wishes the Belem summit great success and hopes that it will leave a mark in history and become an important milestone in the struggle against global climate change, Guo added.

**Sputnik**

# Trump says no decision yet on ground strikes inside Venezuela

WASHINGTON November 1

U.S. President Donald Trump said Friday he has not yet decided whether the United States will launch ground strikes inside Venezuela, contradicting media reports of looming attacks on military facilities in the South American country.

"No, it's not true," Trump told reporters while boarding Air Force One when asked if he had made the decision.

Earlier in the day, the Miami Herald outlet reported that the Trump administration had decided to launch strikes against military installations within Venezuela that could come "in a matter of days or even hours."

Since September 2, U.S. forces have sunk 15 vessels in international waters in the Caribbean and eastern Pacific alleged to be trafficking drugs, resulting in at least 61 deaths.

Pentagon officials admitted they do not know the identities of all the people killed in those attacks at a confidential briefing held Thursday by a panel at the House of Representatives, according to U.S. media, citing Democratic lawmakers who attended.

Over the past weeks, the Pentagon's military buildup in the Caribbean has grown to its largest scale in three decades.

The U.S. Senate is expected to vote on an updated war powers resolution aimed at preventing the U.S. military from engaging in "hostilities" against Venezuela as soon as next week, less than a month after the Senate rejected a similar effort.

"The Trump administration has made it clear they may launch military action inside Venezuela's borders, and won't stop at boat strikes in the Caribbean," Democratic Senator Adam Schiff said in an October 17 statement.

Venezuelan President Nicolas Maduro has repeatedly condemned Washington's actions as attempts to overthrow his government and expand U.S. military influence in Latin America. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 36

## Would

## Exercises

**36.1 Write sentences about yourself. Imagine things you would like or wouldn't like.**

1 (a place you'd love to live) I'd love to live by the sea.
2 (a job you wouldn't like to do) ..........
3 (something you would love to do) ..........
4 (something that would be nice to have) ..........
5 (a place you'd like to go to) ..........

**36.2 Complete the sentences using would + the following verbs (in the correct form):**

**be be do do enjoy enjoy have stop**

1 They helped us a lot. I don't know what we would have done without their help.
2 You should go and see the film. I think you .......... it.
3 It's a pity you couldn't come to the party last night. You .......... it.
4 Shall I apply for the job or not? What .......... you .......... in my position?
5 I was in a hurry when I saw you. Otherwise I .......... to talk.
6 We took a taxi home last night, but got stuck in the traffic. It.......... quicker to walk.
7 Why don't you go and see Clare? She .......... very pleased to see you.
8 In an ideal world, everybody .......... enough to eat.

**36.3 Each sentence on the right follows a sentence on the left. Which follows which?**

1 I'd like to go to Australia one day.
2 I wouldn't like to live on a busy road.
3 I'm sorry your trip was cancelled.
4 I'm looking forward to going out tonight.
5 I'm glad we didn't go out in the rain.
6 I'm not looking forward to the trip.

a It wouldn't have been very nice.
b It would have been fun.
c It would be nice.
d It won't be much fun.
e It wouldn't be very nice.
f It will be fun.

1 c
2 ..........
3 ..........
4 ..........
5 ..........
6 ..........

**36.4 Write sentences using promised + would/wouldn't.**

1 I wonder why Laura is late. She promised she wouldn't be late.
2 I wonder why Steve hasn't called me. He promised ..........
3 Why did you tell Amy what I said? You ..........
4 I'm surprised they didn't wait for us. They ..........

**36.5 Complete the sentences. Use wouldn't + a suitable verb.**

1 I tried to warn him, but he wouldn't listen to me.
2 I asked Amanda what had happened, but she .......... me.
3 Paul was angry about what I'd said and he .......... to me for two weeks.
4 Martina insisted on carrying all her luggage. She ..........me help her.

**36.6 Complete the sentences using would (section C). Choose from these verbs:**

**forget shake share smile stay walk**

1 Whenever Richard was angry, he would walk out of the room.
2 We used to live next to a railway line. Every time a train went past, the house .......... .
3 Katherine was always very generous. She didn't have much, but she .......... what she had with everyone else.
4 You could never rely on Joe. It didn't matter how many times you reminded him to do something, he .......... always .......... .
5 When we were children, we used to go to the beach a lot. We .......... there all day playing in the sand and swimming in the sea.
6 Lucy was always friendly. Whenever I saw her, she .......... always .......... and say hello.

→ **Additional exercises 16–18** (pages 311–13)

**Raymond Murphy**

# အလှည့်အပြောင်းကာလ၏ ခေါင်းဆောင်မှု သို့မဟုတ် ရှန်းကျန်းသို့ APEC ၏ရှက်လှင့်ခရီး




## လှိုင်းလေထန်သော ပင်လယ်နှင့် ခိုင်မာသော စိတ်ဓာတ်

ပြီးခဲ့တဲ့ ရက်သတ္တပတ်က တောင်ကိုရီးယားနိုင်ငံရဲ့ သမိုင်းအမွေအနှစ်တွေ ပြည့်နှက်နေတဲ့ ဂျောင်ဂျူမြို့တော်မှာ ကျင်းပခဲ့တဲ့ အာရှ–ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ထိပ်သီးအစည်းအဝေးကြီးဟာ တစ်ကမ္ဘာလုံးကို ခိုင်မာတဲ့သတင်းစကားတစ်ခုပေးပို့လိုက်ပါတယ်။ အဲဒါကတော့ “ဒီကမ္ဘာကြီးက ဘယ်လောက်ထိပင် မရေမရာဖြစ်နေပါစေ၊ အာရှ–ပစိဖိတ်ဒေသကတော့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ရှေ့ဆက်သွားဖို့ ခိုင်မာတဲ့သန္နိဋ္ဌာန်ရှိနေပါတယ်” ဆိုတဲ့ သတင်းစကားပါပဲ။

နိုဝင်ဘာလ ၁ ရက်ကထုတ်ပြန်တဲ့ ပူးတွဲကြေညာချက်မှာ APEC အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ရိုးသားစွာဝန်ခံမှုတစ်ခု ပြုခဲ့ပါသေးတယ်။ အဲဒါကတော့ အာရှ–ပစိဖိတ်ဒေသဟာ တကယ့်ကိုပဲအရေးပါတဲ့ လမ်းဆုံလမ်းခွကို ရောက်နေပြီး ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကြီးဟာ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ပြောလိုက်ခြင်းပါပဲ။ ဒီလိုပြောဆိုမှုဟာ ရှောင်လွှဲလို့မရတဲ့ အမှန်တရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်တာပါ။ ဒီလိုဝန်ခံမှုနဲ့အတူ ဖြေရှင်းချက်တစ်ခုကိုလည်း ရဲရဲဝံ့ဝံ့နဲ့ပြောခဲ့ကြပါသေးတယ်။ သူတို့ပြောတာကတော့ “ခိုင်မာတဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကသာ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ သာယာဝပြောရေးအတွက် အသက်သွေးကြောပါပဲ” ဆိုပြီး ဖြစ်ပါတယ်။

တကယ်တော့ ကမ္ဘာကြီးဟာ တစ်ဖက်သတ်ဝါဒလို့ ခေါ်ဆိုနိုင်တဲ့အခြေအနေနဲ့ ရင်ဆိုင်နေရတာပါ။ နိုင်ငံတချို့က သူတို့ရဲ့ စီးပွားရေးကို ကာကွယ်ဖို့အတွက် ကုန်သွယ်ရေးအတားအဆီးတွေ ချမှတ်လာချိန်မှာ “ကျွန်တော်တို့ လမ်းခွဲမှာ မဟုတ်ပါဘူး၊ လက်တွဲဖို့ပဲ ကြိုးစားပါမယ်” ဆိုပြီး APEC ညီလာခံကနေထွက်ပေါ်လာခဲ့တဲ့ ခေါင်းဆောင်များရဲ့ ကတိကဝတ်ဟာ သူတို့ရဲ့ညီညွတ်တဲ့ဆန္ဒကို ပြသနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပူးတွဲကြေညာချက်ထဲမှာ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို နက်ရှိုင်းအောင်လုပ်သွားမယ်၊ ထောက်ပံ့ရေးကွင်းဆက်တွေကို ပိုပြီးခံနိုင်ရည်ရှိအောင် လုပ်သွားမယ်ဆိုတဲ့ အချက်တွေက အလေးပေးဖော်ပြခံခဲ့ရတာဖြစ်တယ်လို့ဆိုနိုင်ပါတယ်။

## တရုတ်၏ ညီညွတ်ရေးစကားသံနှင့် အခွင့်အလမ်းများကို ဆုပ်ကိုင်ခြင်း

APEC ရဲ့ ဦးဆောင်သူတွေထဲကတစ်ဦးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍကတော့ ပိုပြီးထင်ရှားလာပါတယ်။ တရုတ်သမ္မတရှီကျင့်ဖျင်က ထိပ်သီးအစည်းအဝေးဖွင့်ပွဲနေ့မှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းဟာ ဒေသတွင်းကိုလမ်းပြပေးမယ့် မီးရှူးတန်ဆောင်တစ်ခုလို ဖြစ်ခဲ့ပါတယ်။

“ကမ္ဘာကြီးက ပိုပြီး မတည်မငြိမ်ဖြစ်ကာလှုပ်ခတ်နေလေလေ၊ ကျွန်တော်တို့က ပိုပြီးလက်တွဲဖို့ လိုလေလေပါပဲ။”

ဒီစကားဟာ ဒီအချိန်မှာ အာရှ–ပစိဖိတ်ဒေသအတွက် အလိုအပ်ဆုံးစကားပဲဖြစ်ပါတယ်။ သမ္မတရှီကျင့်ဖျင်က ကုန်သွယ်ရေးစနစ်ကို ကာကွယ်ဖို့နဲ့ ထောက်ပံ့ရေးကွင်းဆက်တွေ ခိုင်မြဲဖို့တောင်းဆိုခဲ့တဲ့အပြင် “ကျွန်တော်တို့ရဲ့ ချိတ်ဆက်မှုတွေကို ဖြတ်တောက်ပစ်ဖို့ထက်၊ ပိုပြီးခိုင်မာအောင်လုပ်သွားဖို့လိုပါတယ်” လို့ တည့်တည့်မတ်မတ်ပြောဆိုခဲ့ပါတယ်၊ ဒီအချက်ဟာ နည်းပညာနဲ့ကုန်သွယ်ရေးပိုင်းမှာ တင်းမာမှုတွေရှိနေချိန်မှာ တရုတ်နိုင်ငံအနေနဲ့ ပွင့်လင်းမှုရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုကိုသာလိုလားကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြလိုက်တာဖြစ်ပါတယ်။

ဒါ့အပြင် APEC ရဲ့ အနာဂတ်အတွက် အဓိကသော့ချက်ဖြစ်တဲ့ ဉာဏ်ရည်တုနည်းပညာ(AI) ကိစ္စမှာလည်း တရုတ်နိုင်ငံက အကောင်းဆုံးချဉ်းကပ်မှုနဲ့ ဦးဆောင်ဖို့ ကတိပေးခဲ့ပါတယ်။ သမ္မတရှီကျင့်ဖျင်က AI ကို အကျိုးရှိရှိ၊ လုံလုံခြုံခြုံ၊ မျှမျှတတရှိစေတဲ့အပြင် တစ်ချိန်တည်းမှာပဲ စနစ်တကျနဲ့ မှန်ကန်စွာဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်သင့်ကြောင်း တိုက်တွန်းခဲ့တာဟာ နည်းပညာတိုးတက်မှုနောက်ကွယ်မှာရှိတဲ့ လူသားဆန်မှုနဲ့ ဘေးကင်းလုံခြုံမှုကိုလည်း ထည့်သွင်းစဉ်းစားစေလိုတဲ့ သဘောရှိပါတယ်။ AI နဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကို တွန်းအားပေးမယ့် တရုတ်နိုင်ငံရဲ့ ဆန္ဒက APEC ရဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့အတွက်ကြီးမားတဲ့တွန်းအားတစ်ခု ဒါမှမဟုတ် ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ရမယ့်အခွင့်အလမ်းဖြစ်လာစေမှာ အမှန်ပါပဲ။

## ရှန်းကျန်း၏ ကတိကဝတ်နဲ့ အနာဂတ်ရည်မှန်းချက်

အခုကျင်းပပြီးစီးခဲ့တဲ့ ထိပ်သီးညီလာခံမှာ အထင်ရှားဆုံးအခိုက်အတန့်ကတော့ ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှာ APEC ထိပ်သီးညီလာခံကို တရုတ်နိုင်ငံရဲ့ တီထွင်ဆန်းသစ်မှုရဲ့ဗဟိုချက်ဖြစ်တဲ့ ရှန်းကျန်းမှာ လက်ခံကျင်းပသွားမယ်ဆိုတဲ့ ကြေညာချက်ပဲဖြစ်ပါတယ်။

သမ္မတရှီကျင့်ဖျင်က ဒီအခမ်းအနားမှာ ရှန်းကျန်းမြို့ရဲ့ အောင်မြင်မှုကို ရည်ညွှန်းပြီး ဂုဏ်ယူစွာပြောဆိုခဲ့တာ စိတ်ဝင်စားစရာပါ။ “ရှန်းကျန်းဟာ ဆယ်စုနှစ်အနည်းငယ်အတွင်းမှာပဲ တံငါရွာလေးတစ်ရွာအဖြစ်ကနေ ခေတ်မီတဲ့နိုင်ငံတကာမြို့ကြီးတစ်မြို့အဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်” လို့ဆိုပါတယ်။ ဒီလိုမျိုးနည်းပညာနဲ့ စီးပွားရေးမှာ အောင်မြင်မှုကို ခဏလေးအတွင်း ရယူနိုင်ခဲ့တဲ့မြို့ကို APEC ထိပ်သီးညီလာခံအတွက် အိမ်ရှင်အဖြစ်ရွေးချယ်တာဟာ “ပြောင်းလဲမှု၊ တီထွင်ဖန်တီးမှုနဲ့ စီးပွားရေးပွင့်လင်းမှု” ဆိုတဲ့ တန်ဖိုးတွေကိုမြှင့်တင်လိုတဲ့ တရုတ်နိုင်ငံရဲ့ဆန္ဒကို ပြသနေပါတယ်။

ဒါ့အပြင် ရှန်းကျန်းပါဝင်တဲ့ ကွမ်တုန်–ဟောင်ကောင်–မကာအို ဂရိတ်ဘေးရီယာဟာ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝင်ရိုးစွန်းအဖြစ် ရပ်တည်နေတာဖြစ်တဲ့အတွက် ၂၀၂၆ ခုနှစ် APEC ထိပ်သီးညီလာခံဟာ ဒေသတွင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုမြင့်မားတဲ့အဆင့်တစ်ခုဆီ ပို့ဆောင်ပေးမယ့် စွမ်းအားမြင့်စင်မြင့်တစ်ခုဖြစ်လာမယ်လို့ ယုံကြည်ရပါတယ်။ တရုတ်နိုင်ငံဟာ အိမ်ရှင်အခန်းကဏ္ဍကိုအသုံးပြုပြီး အာရှ–ပစိဖိတ်ဒေသတစ်ခုလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့သာယာဝပြောရေးကို မြှင့်တင်ပေးမယ့် အခွင့်အရေးကို အမိအရဆုပ်ကိုင်လာမယ်လို့ မျှော်လင့်ရပါတယ်။

## ငြိမ်းချမ်းရေးရဲ့အကျိုးအမြတ်

APEC ဟာ စီးပွားရေးနိုင်ငံကြီးများရဲ့ အစည်းအဝေးတစ်ခုဖြစ်ပေမယ့် နိုင်ငံရေးတည်ငြိမ်မှုနဲ့ငြိမ်းချမ်းရေးမပါရင် စီးပွားရေးတိုးတက်မှုဆိုတာရှိလာနိုင်မှာမဟုတ်ပါဘူး။ ဒီအစည်းအဝေးပွဲကြီးမတိုင်ခင် အောက်တိုဘာလ ၃၀ ရက်မှာ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်နဲ့ အမေရိကန်နိုင်ငံသမ္မတဒေါ်နယ်ထရမ့်တို့ကြား ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ပြီး တင်းမာမှုတွေလျှော့ချဖို့ သဘောတူညီခဲ့ကြတာဟာ ဒေသတွင်းနိုင်ငံတွေအတွက် အကြီးမားဆုံးသတင်းကောင်းပါပဲ။

စီးပွားရေးအင်အားကြီးနှစ်နိုင်ငံမှ ခေါင်းဆောင်နှစ်ဦးရဲ့ ဒီသဘောတူညီချက်က ကမ္ဘာ့ကုန်သွယ်ရေးပတ်ဝန်းကျင်ကို တည်ငြိမ်စေဖို့အတွက် မီးစိမ်းပြလိုက်သလိုဖြစ်ခဲ့ပြီး သမ္မတထရမ့်ကိုယ်တိုင်ကပင် ဒီတွေ့ဆုံမှုကို “ကြီးမားတဲ့ အောင်မြင်မှု” လို့ချီးကျူးခဲ့ပါတယ်။ ဒါ့အပြင် သမ္မတရှီကျင့်ဖျင်က ကနေဒါဝန်ကြီးချုပ်၊ ဂျပန်ဝန်ကြီးချုပ်နဲ့ ထိုင်းဝန်ကြီးချုပ်တို့နဲ့ပါတွေ့ဆုံဆွေးနွေးခဲ့တာဟာ ဒေသတွင်းဆက်ဆံရေးတည်ဆောက်မှုကို အလေးထားကြောင်း ပြသနေပါတယ်။

ဂျောင်ဂျူ APEC ထိပ်သီးညီလာခံဟာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့ အသိအမှတ်ပြုမှုနဲ့အတူ ပြီးဆုံးသွားပြီပဲဖြစ်ပါတယ်။ အာရှ–ပစိဖိတ်ဒေသခေါင်းဆောင်များက အခုဆိုရင် မျှော်လင့်ချက်များစွာနဲ့ ပြည့်နေတဲ့ ၂၀၂၆ ခုနှစ် ရှန်းကျန်းမြို့ APEC ထိပ်သီးညီလာခံဆီသို့ ဦးတည်နေပါပြီ။ တရုတ်နိုင်ငံရဲ့ ခိုင်မာတဲ့ဦးဆောင်မှု၊ ဆန်းသစ်တီထွင်မှုနဲ့ ပွင့်လင်းသောမူဝါဒများမှတစ်ဆင့် APEC ဟာ မည်သည့်စိန်ခေါ်မှုကိုမဆို ကျော်လွှားနိုင်ပြီး ဒေသတွင်းအတွက်သာမက တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအတွက် ပိုမိုတည်ငြိမ်မှုရှိတဲ့၊ ပိုမိုတောက်ပမှုရှိတဲ့ အနာဂတ်လမ်းကြောင်းကို ဆက်လက်ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။ **Ref: SCMP**

ထက်မြတ်

# အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဘုရားကျောင်းတစ်ခု၌ လူအုပ်ပိမှုဖြစ်ပွား

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဟိန္ဒူဘုရားကျောင်းတစ်ခု၌ နိုဝင်ဘာလ ၁ ရက်တွင် လူအုပ်ပိမှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၀ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

မတော်တဆမှုသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်ဖြစ်သော အမရာဝတီမြို့၏အရှေ့မြောက်ဘက် ၅၄၈ ကီလိုမီတာခန့်အကွာ ဆရီကာကူလမ်ခရိုင် ကာစီဘာဂါမြို့ရှိ ဘက်ကာတက်ဆွာရာဆွာမီဘုရားကျောင်း၌ ဖြစ်ပွားခြင်းဖြစ်သည်။ ဟိန္ဒူဘာသာတွင် မင်္ဂလာရှိသည့်နေ့တစ်ရက်ဖြစ်သော ကေဒါရှီနေ့၌ လူအများအပြားစုဝေးရောက်ရှိနေစဉ် ယခုကဲ့သို့ လူအုပ်ပိမှုဖြစ်ပွားခြင်းဖြစ်သည်။

“ဘုရားကျောင်းလာသူတွေ များပြားတဲ့အတွက် လူတွေပြည့်ကျပ်လာပြီး ဘုရားဖူးဧည့်သည်အများအပြား ထိခိုက်ဒဏ်ရာတွေရခဲ့ပါတယ်။ သူတို့ကို အနီးဆုံးဆေးရုံတွေဆီချက်ချင်းပို့ဆောင်ပေးခဲ့ပါတယ်။ လက်ရှိရရှိထားတဲ့ သတင်းတွေအရတော့ လူ ၁၀ ဦး သေဆုံးပြီး တခြားသူတွေလည်းဒဏ်ရာရရှိခဲ့ပါတယ်” ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ **Ref: Xinhua**

## ဒေါ်နယ်ထရမ့်က ဗင်နီဇွဲလားအပေါ် မြေပြင်တိုက်ခိုက်မှု အစီအစဉ်ကို ဆုံးဖြတ်ရခြင်းမရှိ

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဗင်နီဇွဲလားနိုင်ငံရှိ စစ်ရေးအဆောက်အအုံများကိုတိုက်ခိုက်ရန် ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း အောက်တိုဘာလ ၃၁ ရက်တွင်ပြောသည်။ အမေရိကန်က ဗင်နီဇွဲလားနိုင်ငံကိုတိုက်ခိုက်တော့မည်ဟူသော မီဒီယာများ၏ဖော်ပြချက်ကို ထရမ့်ကို ယခုကဲ့သို့တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အမေရိကန်အထက်လွှတ်တော်သည် လာမည့်သီတင်းပတ်တွင် ဗင်နီဇွဲလားအပေါ် စစ်ရေးနည်းလမ်းဖြင့် ရန်လိုမှုကိုတားဆီးရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်ကို မဲခွဲဆုံးဖြတ်မှုလုပ်ရန် မျှော်မှန်းထားသည်။ ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုကမူ အမေရိကန်၏လုပ်ရပ်များသည် ၎င်း၏အစိုးရအဖွဲ့ကို ဖြုတ်ချရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ပြင်းပြင်းထန်ထန်ရှုတ်ချထားသည်။ အမေရိကန်တပ်ဖွဲ့များက စက်တင်ဘာလ ၂ ရက်မှစ၍ ကာရေဘီယံပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာတို့၌ မူးယစ်ဆေးဝါးမှောင်ခိုသင်္ဘော ၁၅ စင်းကို တိုက်ခိုက်မှုလုပ်ထားကြောင်းသိရသည်။

**Ref: Xinhua**

## နို့တိုက်သတ္တဝါလေ့လာမှုအတွက် တရုတ်အာကာသယာဉ်မှူးများနှင့် ကြွက်များ ထျန်းကုန်းအာကာသစခန်းသို့ စံချိန်သစ်ဖြင့်ရောက်ရှိ



ပေကျင်း၊ အာကာသ

တရုတ်နိုင်ငံသည် ပထမဆုံးသော ဂြိုဟ်ပတ်လမ်းအတွင်း နို့တိုက်သတ္တဝါလေ့လာမှုစတင်နိုင်ရန် အာကာသယာဉ်မှူးသုံးဦးနှင့် ကြွက်လေးကောင်ကို ထျန်းကုန်းအာကာသစခန်းသို့ အောင်မြင်စွာ ပို့ဆောင်လိုက်ပြီဖြစ်သည်။ ရှန်ကျိုး-၂၁ အာကာသယာဉ်ကို အောက်တိုဘာလ ၃၁ ရက်ညပိုင်းတွင် လွှတ်တင်ပြီးနောက် အချိန်သုံးနာရီခွဲခန့်ဖြင့် အာကာသစခန်းသို့ ချိတ်ဆက်နိုင်ခဲ့သည့်အတွက် အမြန်ဆုံးချိတ်ဆက်မှုစံချိန်အသစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဖွဲ့ခေါင်းဆောင် ကျန်းလူ ဦးဆောင်သည့် အာကာသယာဉ်မှူးများက ခြောက်လကြာမည့်မစ်ရှင်အတွင်း ဇီဝနည်းပညာနှင့် အခြားသိပ္ပံစမ်းသပ်မှု ၂၇ ခုကို ပြုလုပ်သွားမည်ဖြစ်သည်။ အဓိကစမ်းသပ်မှုတစ်ရပ်ဖြစ်သည့် ကြွက်ဖြင့်စမ်းသပ်မှုတွင် အာကာသယာဉ်မှူးများက ဆွဲငင်အားမဲ့သောပတ်ဝန်းကျင်၊ ကျဉ်းကျပ်သောနေရာနှင့် ဓာတ်ရောင်ခြည်တို့သည် နို့တိုက်သတ္တဝါများ၏ ခန္ဓာဗေဒနှင့် အမူအကျင့်အပေါ် မည်ကဲ့သို့သက်ရောက်သည်ကိုစောင့်ကြည့်လေ့လာမည်ဖြစ်ရာ ယင်းရလဒ်များသည် လူသားတို့၏ ရေရှည်အာကာသခရီးများအတွက် အရေးပါသော အထောက်အထားများပေးနိုင်ရန် မျှော်မှန်းထားသည်။

ကြွက်များသည် ရှန်ကျိုး-၂၀ အဖွဲ့သားများနှင့်အတူ လာမည့်ငါးရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ရှန်ကျိုး-၂၁ မစ်ရှင်သည် ၂၀၂၁ ခုနှစ်နောက်ပိုင်း တရုတ်၏ လူလိုက်ပါသော ၁၀ ကြိမ်မြောက်ခရီးစဉ်ဖြစ်သည်။

**Ref: SCMP**

## ဂျိုဟိုးမြစ် ညစ်ညမ်းမှုကြောင့် ဒေသခံ ရှစ်သိန်းနီးပါး ရေပြတ်လပ်မှုနှင့် ကြုံတွေ့

ဂျိုဟိုးဘာရူ၊ ညစ်ညမ်းမှု

မလေးရှားနိုင်ငံရှိ ဂျိုဟိုးမြစ်ညစ်ညမ်းမှုကြောင့် ရေသန့်စက်ရုံများ၏လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းသွားပြီးနောက် ဂျိုဟိုးပြည်နယ်ရှိ ပြည်သူ ရှစ်သိန်းနီးပါးသည် ရေပြတ်လပ်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

ရေပေးဝေရေးကုမ္ပဏီတစ်ခုဖြစ်သည့် ရန်ဟေးအက်အေဂျေ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရေပြတ်လပ်သည့် ဧရိယာများတွင် ရေပေးဝေမှုပြန်လည်လုပ်ဆောင်ရန် ကြိုးပမ်းနေကြောင်းနှင့် ပြည်သူများကို ရေချွေတာသုံးစွဲရန် အကြံပြုထားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အောက်တိုဘာလ ၃၁ ရက်တွင် ဖြစ်ပွားသော ရေအရင်းအမြစ်ညစ်ညမ်းမှုဖြစ်စဉ်အတွင်း ရေသုံးစွဲသူများ ရေဆက်လက်ရရှိစေရန် ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးမှုများလုပ်ဆောင်နေကြောင်း ကုမ္ပဏီက နိုဝင်ဘာလ ၁ ရက်တွင် ထုတ်ပြန်ထားသည်ဟုသိရသည်။

**Ref: ST**

## ရုရှားက အာဆီယံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ရေတပ်ပါဝင်မှုကို တိုးမြှင့်မည်

ကွာလာလမ်ပူ၊ ချစ်ကြည်ရေး

ရုရှားနိုင်ငံသည် အာဆီယံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများတွင် နိုင်ငံ၏ရေတပ်ပါဝင်မှုကို တိုးမြှင့်ရန်ရည်ရွယ်ထားကြောင်း ဒုတိယကာကွယ်ရေးဝန်ကြီး အိုလက်ဆာဖယ်ယက်က နိုဝင်ဘာလ ၁ ရက်တွင် ပြောသည်။

အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး-အပေါင်း (ADMM-Plus) မူဘောင်အတွင်း ရုရှားရေတပ်၏ပါဝင်မှုကို ချဲ့ထွင်ရန် ရည်ရွယ်ကြောင်း ဆာဖယ်ယက်က ၁၂ ကြိမ်မြောက် ADMM-Plus အစည်းအဝေး၌ ပြောသည်။

ADMM-Plus တွင် အာဆီယံအဖွဲ့ဝင် ၁၁ နိုင်ငံနှင့်အတူ ဆွေးနွေးဖက်ရှစ်နိုင်ငံဖြစ်သည့် ရုရှား၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ပါဝင်ကြောင်း သိရသည်။

**Ref: Xinhua**

## ကမ္ဘောဒီးယားနှင့်ထိုင်းက နှစ်နိုင်ငံနယ်စပ်ဒေသမှ လက်နက်များဖယ်ရှားမည်



ဘန်ကောက်၊ စစ်ရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက် ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံကြားတင်းမာမှုလျှော့ချရေးအတွက် နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက်တွင်ရှိသောလက်နက်များကို စတင်ဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရှေ့တောင်အာရှနှစ်နိုင်ငံက နယ်စပ်ရှိ ဒုံးပစ်လောင်ချာများ၊ အမြောက်စနစ်များနှင့် တိုက်ပွဲဝင်တင့်များကို နှစ်လအတွင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ နယ်စပ်ကော်မတီ၏ အောက်တိုဘာလ ၃၁ ရက်ပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် အာနူတင်ချန်ဝီရာကူက နှစ်နိုင်ငံကြားသဘောတူညီချက်သည် ရေရှည်ငြိမ်းချမ်းရေးအတွက် အုတ်မြစ်ချပေးမည့် အရေးပါသောရလဒ်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ကောင်းမွန်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောထားသည်။

ထို့အတူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်မာနက်ကလည်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို အာမခံနိုင်ရန် ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်သွားမည်ဟုကတိပြုထားကြောင်းသိရသည်။

**Ref: BP**

## ဒူဘိုင်းရှိ ကော်ဖီဆိုင်တွင် ကမ္ဘာ့စျေးအကြီးဆုံးကော်ဖီကို တစ်ခွက်လျှင် ဒေါ်လာ ၉၈၀ ဖြင့် စတင်ရောင်းချ

ဒူဘိုင်း၊ ထူးခြားဆန်းပြား

ကမ္ဘာ့စျေးအကြီးဆုံးကော်ဖီကို ဒူဘိုင်းမြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်၌ တစ်ခွက်လျှင် အမေရိကန်ဒေါ်လာ ၉၈၀ ခန့်ဖြင့် စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။ ထိုကော်ဖီကို မြင့်မားသောစျေးနှုန်းပေး၍ ဝယ်ယူရသည့် ပနားမားနိုင်ငံမှ ကော်ဖီစေ့များအသုံးပြု၍ ဖျော်စပ်ထားခြင်းဖြစ်သည်။

ထိုကော်ဖီကိုရောင်းချသည့် ဂျူးလစ်ကော်ဖီဆိုင်ပူးတွဲတည်ထောင်သူ ဆာကန်ဆက်ဆော့က ၎င်းတို့အနေဖြင့် နိုဝင်ဘာလ ၁ ရက်မှစ၍ ကော်ဖီခွက်ပေါင်း ၄၀၀ ခန့် ရောင်းချရန် စီစဉ်ထားကြောင်းပြောသည်။

တစ်ခွက်လျှင် ဒေါ်လာ ၉၈၀ ခန့်တန်ဖိုးရှိသည့်အဆိုပါကော်ဖီသည် ရေနွေးကြမ်းနှင့်ဆင်တူသည့် ပန်းရနံ့နှင့် သစ်သီးအရသာများကိုခံစားရမည်ဟု ဆာကန်ဆက်ဆော့ကပြောသည်။

တူကီယဲနွယ်ဖွား ဆာကန်ဆက်ဆော့က ၎င်းကော်ဖီအရသာနှင့် ပတ်သက်၍ "စံပယ်ပန်းလို အဖြူရောင်ပန်းရနံ့တွေ၊ လိမ္မော်နဲ့ ဘာဂါမော့လို ချဉ်တဲ့အရသာတွေ၊ တရုတ်ဆီးသီးနဲ့ မက်မွန်သီးရဲ့ အရသာတွေ ပါဝင်ပါတယ်။ ပျားရည်လိုပါပဲ၊ သိမ်မွေ့ပြီး ချိုမြိန်ပါတယ်" ဟု ပြောထားသည်။ ပြီးခဲ့သည့်လတွင် ဒူဘိုင်း၌ကော်ဖီတစ်ခွက်ကို ဒေါ်လာ ၆၈၀ ဖြင့်ရောင်းချပြီး ကမ္ဘာ့စျေးအကြီးဆုံး ကော်ဖီတစ်ခွက်အဖြစ် ဂင်းနစ်စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref: BP**



# (၈၈)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပသည့် (၈၈)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းလမ်းများခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

တောင်သူ နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာပေးဝန်ထမ်းများနှင့်တောင်သူများက အွန်လိုင်းမှတက်ရောက်ကြသည်။

အဆိုပါ တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုး က ယနေ့ကျင်းပသည့် (၈၈)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် "စပါး၊ ပဲတီစိမ်း၊ မတ်ပဲတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းလမ်းများ" ခေါင်းစဉ်ဖြင့် အလွန်အရေးပါသောကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယခုခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများအား တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်လည်း ကျင်းပခဲ့ပြီး တောင်သူများအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းပညာဗဟုသုတများမျှဝေနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပညာရှင်များနှင့် တောင်သူများကြား လိုအပ်နေသောနည်းပညာများကို အပြန်အလှန်ဆွေးနွေးနိုင်ရန်နှင့် အဖြေရှာနိုင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် ယခုဆွေးနွေးမှုများမှသည် သီးနှံများပန်းတိုင်အထွက်ရရှိရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အပြင် အရည်အသွေးကောင်းမွန်ရေးတို့အတွက်လည်း များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ဒေါက်တာခင်ခင်မာလာမြင့်က ပဲတီစိမ်း၊ စပါးတွင် Thiamethoxam ဓာတ်ကြွင်းပါဝင်မှုမြင့်မားရသည့်အဓိကအကြောင်းရင်းများ၊ သတိထားလိုက်နာရမည့်အချက်များ၊ ပဲပင်၊ စပါးပင်တို့၏ အပင်ကြီးထွားမှုအလိုက် ဖျက်ပိုးကျရောက်ပုံအဆင့်ဆင့်နှင့် သုံးစွဲသင့်သည့်ပိုးသတ်ဆေးများ၊ ပိုးသတ်ဆေးအသုံးပြုနည်းလမ်းများ၊ စိုက်ပျိုးမြေကြီးအတွင်း Thiamethoxam ပိုးသတ်ဆေးတည်ရှိနေနိုင်မှု၊ စပါးခွံနှင့်ဖွဲနုတို့အတွင်း Thiamethoxam ပိုးသတ်ဆေးတည်ရှိနေနိုင်မှုတို့အားလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အပင်ရောဂါဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသန်းက ပိုးသတ်ဆေးနှင့်အမျိုးသားကျန်းမာရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်းနှင့် အမျိုးသားအကျိုးစီးပွားအားလည်းကောင်း၊ ပိုးသတ်ဆေးဓာတ်ကြွင်းလျော့နည်းစေရေးလိုက်နာဆောင်ရွက်ရမည့်အချက်များအားလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပြည်ပပို့ကုန်သီးနှံတို့တွင် ပန်းတိုင်အထွက်ရရှိရေးအတွက် ဘက်စုံပေါင်းကာကွယ်နှိမ်နင်းနည်းများနှင့် ပေါင်းသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းလမ်းများနှင့် စပ်လျဉ်း၍ ပေါင်းပင်တို့၏ထူးခြားသောလက္ခဏာများ၊ ပေါင်းနှင့် သီးနှံအဓိကယှဉ်ပြိုင်ရသည့်အရာများ၊ ပေါင်းနှိမ်နင်းရမည့်အချိန်၊ တားဆီးကာကွယ်နှိမ်နင်းနည်းများနှင့် ပေါင်းသတ်ဆေးအကြောင်းသိကောင်းစရာများအား တင်ပြဆွေးနွေးကြသည်။ အဆိုပါ တင်ပြဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက စိတ်ပါဝင်စားစွာပါဝင်ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

**ဇော်မျိုး (မြဝတီ)**

## ၁-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ မြတ်ကျော်စက်မှု(၂)ဓမ္မာရုံရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ မြတ်ကျော်စက်မှု(၂)ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၁)ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၈၁)ဒီဂရီဖာရင်ဟိုက်မှ (၉၀)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၉၁) ဒီဂရီဖာရင်ဟိုက်မှ (၁၀၀) ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် (၅၃) ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၅၉) ဒီဂရီဖာရင်ဟိုက်မှ (၆၉) ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၇၀) ဒီဂရီဖာရင်ဟိုက်မှ (၇၉) ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၁၉ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၀ မီလီမီတာမှ ၄၀ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# တဒင်္ဂမြေငလျင်နှင့် ထာဝရဘဝများ

ဝထကလသ(နတလ)

**လွန်ခဲ့သော ခုနစ်လကျော်**

ဤရာသီ၊ ဤလ၊ ဤရက်၊ ဤအချိန်တွင် ဤကဲ့သို့ ပြင်းထန်သော ငလျင်ကြီးလှုပ်ခတ်လိမ့်မည်ဟု မထင်မှတ်ခဲ့။ အိပ်မက်မဟုတ်ခဲ့သော အမြဲသတိရနေမယ့် ရက်တစ်ရက်ပင်ဖြစ်လေသည်။

ဤရာသီတွင် သစ်ရွက်များ ရွှေရောင်သန်းလျက်ရှိသည်။ ပိတောက်ပန်းများဖူးပွင့်လာပြီး ရွှေချည်များငင်ထားသကဲ့သို့ ဝင့်ကြွားစွာဖြစ်တည်နေကြသည်။ စိန်ပန်းနီ၊ စိန်ပန်းပြာများကလည်း ပူပြင်းမှုကြားမှ အေးမြသောအလှတရားကို ဖော်ပြနေသည်။

ငုဝါပန်းများ၏ ဝါကြန့်ကြန့်အရောင်များက ဤရာသီအား ပို၍တောက်ပစေပြန်သည်။ ထူးခြားသည်က ကုက္ကိုပင်များ ရင့်မှည့်ချိန်ဖြစ်သည်။ ထို့ကြောင့် ဤကာလသည် ပိတောက်၏ရွှေရောင်၊ စိန်ပန်းရောင်စုံ၊ ငုဝါ၏အဝါရောင်နှင့်ကုက္ကို၏ချိုမြိန်မှုတို့ဖြင့် မြန်မာ့သဘာဝကို အလှဆုံးဖော်ပြနေသော ရာသီပင်ဖြစ်လေသည်။

**မန္တလေးငလျင်ကြီး**

ဤလှပသောရာသီ၏ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် နေ့လယ်ပိုင်း…………

ပထမမှာမြေကြီးသည် တစ်သမတ်တည်း တငြိမ့်ငြိမ့် စတင်လှုပ်ခတ်လာသည်။ ထို့နောက် လှုပ်ခတ်စီးမှုများ ပြတ်တောက်သွားသည်။ ဒုတိယမှာ မြေကြီး၊ သစ်ပင်၊ အဆောက်အအုံ၊ နံရံများနှင့် ဗီရိုများ၊ ပစ္စည်းများက ကြွက်တက်သကဲ့သို့ တုန်ရီလာသည်။ ပြီးတော့ မြေကြီး၏ပဲ့တင်သံတို့နှင့်အတူ အဆက်မပြတ် ပြင်းထန်စွာလှုပ်ခါရမ်းတော့သည်။ တတိယမှာ အရာရာအားလုံး ပြန်လည်ငြိမ်သက်ရပ်တန့်သွားသည်။

ရပ်သွားသည့်တိုင် မယုံနိုင်သေး။ ကြောက်ရွံ့ခြင်း၏အကြွင်းအကျန်များက လူတိုင်း၏မျက်နှာပေါ်တွင် ကျောက်စာတစ်ခုလိုထွင်းထားသည်။ ကြောက်ရွံ့မှုထက်ပိုသော ဝမ်းနည်းမှု၊ မမြင်ရသေးသော ပတ်ဝန်းကျင်အဖြစ်အပျက်နှင့် အနာဂတ်အတွက် စိုးရိမ်မှုများက မြေကြီး၏ပဲ့တင်သံနှင့်အတူ ရောထွေးနေသည်။

ဤသို့ဖြင့် ထင်မှတ်မထားသော ကြိုတင်မသိနိုင်သော ဖျက်အားပြင်း မန္တလေးငလျင်ကြီးသည် လှုပ်ခတ်သွားခဲ့ပေပြီ။ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ အင်းလေးဒေသနှင့် တချို့နေရာဒေသများ၌ ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည်။ ရှေးဟောင်းအမွေအနှစ်များလည်း ပြိုလဲခဲ့ရသည်။ လမ်း၊ တံတားများ များစွာထိခိုက်ပျက်စီးခဲ့ရသည်။ မိသားစုပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ဘဝတွေ ပြိုကွဲခဲ့ကြသည်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများလည်း ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ စည်းစိမ်ဥစ္စာအိမ်ရာ တိုက်တာတွေ ဆုံးရှုံးကြေကွဲစရာဖြစ်ခဲ့ပြီ။

**ငလျင်ဟူသည်**

စာရေးသူသည် **"ငလျင်ပညာရှင်"** မဟုတ်ပါ။ သို့သော် လေ့လာမှုအရ ငလျင်အကြောင်း အကျဉ်းမျှသာသိပါသည်။ ငလျင်သည် ကမ္ဘာ့သဘာဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူသားတို့ထိန်းချုပ်၍ မရနိုင်သောဖြစ်စဉ်တစ်ခုဖြစ်သည်။

ငလျင်များသည် သက်တမ်းတစ်ခုမရှိ၊ အစအဆုံးမရှိဘဲ အမြဲတမ်းကမ္ဘာမြေပေါ်တွင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ငလျင်ကိုမဖြစ်အောင် တားဆီး၍မရခဲ့။ ကမ္ဘာကြီး၏အတွင်းပိုင်း သက်တမ်းရင့်သော လှုပ်ရှားမှုများကိုလည်း ရပ်တန့်စေနိုင်ခြင်းမစွမ်းနိုင်ခဲ့။ ငလျင်သည် ခေတ်မီဖွံ့ဖြိုးပြီး နည်းပညာအဆင့်မြင့်နိုင်ငံ၊ ဖွံ့ဖြိုးဆဲဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျသည့်တိုင်းပြည်ဟူ၍ ရွေးချယ်မှုမရှိ၊ ညာတာမှုမရှိ၊ ခွဲခြားမှုမရှိပေ။ ထို့ကြောင့် ငလျင်အန္တရာယ်များကို ကြိုလာပါက မလွဲမသွေရင်ဆိုင်နေကြရဆဲဖြစ်သည်။

**လူသားတို့၏လောဘကြောင့်**

လူသားတို့၏လောဘကား အရာရာကိုမရောင့်ရဲ မတင်းတိမ်နိုင်။ ကမ္ဘာမြေကို လက်တစ်ဆုံးနှိုက်ကြ၏။ လောင်စာစွမ်းအင်မျိုးစုံ၊ ဓာတ်သတ္တုမျိုးစုံတို့ကို ကမ္ဘာမြေမှတူးဖော်လေ၏။ စက်ယန္တရားအစွမ်းဖြင့် ကမ္ဘာမြေကို အသုတ်ရာနက်အောင်တူး၏။ ကုန်းကို ဖွဲ၏။ တောင်ကိုဖြို၏။ ကျောက်ဆောင်ကျောက်သားကို ဖောက်ထွင်းလေ၏။ ကမ္ဘာမြေကား လူသားတို့လက်၌ ပျက်စီးလေတော့သည်။ ထိုအခါကမ္ဘာမြေသည် ကွဲလေ၏။ ကုန်းသည်လည်း စောင်း၏။ တောင်သည်လည်း ပြိုလေ၏။ ကျောက်ဆောင်ကျောက်သားတို့ကလည်း အပူငွေ့ကို အထိန်းအကွပ်မဲ့ ထုတ်လွှတ်လေတော့၏။

ကမ္ဘာမြေကြီးသည် အသက်ရှူသောသက်ရှိ တစ်ခုပမာပင်ဖြစ်သည်။ သူ၏အတွင်းပိုင်းတွင် အဆက်မပြတ်လှုပ်ခတ်နေသော စွမ်းအင်များ၊ ပြင်းထန်သောဖိအားများကြောင့် မကြာခဏ မတည်ငြိမ်မှုများဖြစ်ပေါ်တတ်သည်။ ထိုမတည်ငြိမ်မှုတို့ ရုတ်တရက်လှုပ်ခတ်လိုက်သောအခါတွင် ငလျင်ဟူသော ဘေးအန္တရာယ်ကြီး ပေါ်ပေါက်လာတော့သည်။

ငလျင်သည် လူသားတို့အား ကြောက်ရွံ့တုန်လှုပ်စေသော်လည်း ကမ္ဘာကြီး၏သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်သည်။ ကမ္ဘာမြေရှိ လူသားတို့အား တန်ပြန်ဒဏ်ခတ်သကဲ့သို့ပင် ဖြစ်လေတော့၏။

ယနေ့ခေတ်တွင် သိပ္ပံပညာများကြောင့် ငလျင်လက္ခဏာများကို ခန့်မှန်းလာနိုင်သော်လည်း တကယ်တမ်းဖြစ်ပွားမည့်အချိန်နှင့် အနေအထားကိုမူ တိတိကျကျခန့်မှန်းနိုင်ခြင်းမရှိသေးပါ။ ပညာရှင်တို့၏ ကြိုးပမ်းမှုများကြောင့် ငလျင်ကြိုတင်သတိပေးစနစ်များ တည်ဆောက်နိုင်ခဲ့သော်လည်း ငလျင်၏တကယ့်လျှို့ဝှက်မှုကို အပြည့်အဝသိရှိနိုင်ခြင်းမရှိသေးပါ။

ငလျင်သည် သဘာဝ၏လျှို့ဝှက်သောသီချင်းတစ်ပုဒ်ဖြစ်ပြီး တည်ငြိမ်အေးစက်မှုနှင့်လှုပ်ရှားမှုတို့ ပေါင်းစပ်ထားသည့်အနုပညာတစ်ခုဖြစ်သည်ဟု အချို့က ဆိုကြပါသေးသည်။

**အရေးပေါ်တုံ့ပြန်မှုနှင့် စုပေါင်းအားထုတ်မှု**

**"ခေါင်းဆောင်ကောင်း"**ဆိုသည်မှာ အမှောင်ထုခရီးလမ်းထဲက မီးအိမ်ဖြစ်၏။ လမ်းပြပေးရုံသာမက ခရီးတစ်လျှောက် ခရီးသွားတိုင်း၏နှလုံးသားကိုပါ နွေးထွေးစွာ အလင်းဖြည့်ပေးသူလည်းဖြစ်သည်။ မျှော်လင့်ချက်များကို ပြန်လည်၍မီးထွန်းညှိပေးသူများလည်းဖြစ်သည်။ အောင်မြင်မှုဆိုသည့် ပန်းချီကားကို ပြည်သူတို့၏လက်နှင့်ရေးဆွဲခိုင်းသူမဟုတ် သူတို့ကိုယ်တိုင်စုတ်တံတွေကိုင်၍ အတူတူခြယ်မှုန်းပေးသူလည်း ဖြစ်သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန်အတွက် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောက်စိမ်းအိမ်ရာအား တွေ့မြင်ရစဉ်။

နိုင်ငံတော်အကြီးအကဲသည် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် နာရီပိုင်းအတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်စေခဲ့သည်။ ပစ္စည်းကိရိယာစုံစုံလင်လင်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဂရုပြုဆောင်ရွက်သွားနိုင်ရေးနှင့် ပြည်တွင်းပြည်ပအကူအညီများပေးအပ်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

ပြည်တွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် သာမန်ပြည်သူများပါ မိမိတို့စွမ်းအားရှိသမျှ ပါဝင်ကူညီခဲ့ကြသည်။ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိခဲ့ကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ကူညီမှု၊ ကျွမ်းကျင်မှုနှင့်ပစ္စည်း၊ ငွေကြေး၊ အထောက်အပံ့များသည် ဤပြင်းထန်သောစိန်ခေါ်မှုကိုရင်ဆိုင်ရာတွင် အလွန်အရေးပါသော အားဖြည့်မှုတစ်ရပ်ဖြစ်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများအား ချက်ချင်းစတင်နိုင်ခဲ့သည်။ ဦးစီးဆောင်ရွက်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများသည် ပြိုကျနေသော အဆောက်အအုံများအောက်မှ အသက်ရှင်သူများကို ဦးစားပေးရှာဖွေကယ်ဆယ်ရန်နေ့နေ့ညည မနားမနေ ကြိုးစားခဲ့ကြသည်။ ကယ်ဆယ်ရေး၊ ပျက်စီးမှုများ စစ်ဆေးရေး၊ ဒုက္ခသည်များ ယာယီထားရှိရေး၊ အစားအသောက်နှင့်ရေရရှိရေး၊ ကျန်းမာရေးဝန်ဆောင်မှုများပေးရေး စသည့်လုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

**ခိုင်မာသောစိတ်ဓာတ်**

ငလျင်သည် မြေကြီးကိုကွဲအက်စေနိုင်သော်လည်း လူသားတို့၏စည်းလုံးမှုကိုမူ မချိုးနှိမ်နိုင်ခဲ့ပေ။ ငလျင်သည် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာတို့ကို ပြိုလဲနိုင်စေခဲ့သော်လည်း ကျွန်ုပ်တို့၏စိတ်ဓာတ်များကိုမူ မချိုးနှိမ်နိုင်ခဲ့။ ဤဘေးဒုက္ခသည် ကျွန်ုပ်တို့အား ပြန်လည်ထူထောင်ရန်၊ ရှင်သန်ရန်၊ ပိုမိုခိုင်မာစွာ ပူးပေါင်းရပ်တည်ရန် သင်ခန်းစာပေးခဲ့သည်ဟု ယုံကြည်မိသည်။

ဤသို့သော ငလျင်တို့သည် မိနစ်ပိုင်းအတွင်း ပျက်စီးမှုများကိုဖြစ်ပေါ်စေသော်လည်း ပြန်လည်တည်ဆောက်ရေးအတွက် လပေါင်းများစွာ နှစ်ချီ၍ပင် ကြာမြင့်တတ်သည်။ ခရီးရှည်ကြီးတစ်ခုပင်ဖြစ်သည်။ ဤနေရာတွင် ကြီးမားသောငလျင်ကြီးများ ကြုံတွေ့ခဲ့ရသော ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် **"ဂျပန်နိုင်ငံ"**ကို ဥပမာပြုရပေမည်။

**ဂျပန်ငလျင်နှင့် ပြန်လည်ထူထောင်ရေးကာလများ**

ဂျပန်နိုင်ငံသည် ငလျင်အများဆုံးကြုံတွေ့ရသော နိုင်ငံတစ်ခုဖြစ်ပြီး ကြီးမားသည့်ငလျင်များ(Earthquakes)နှင့် ဆူနာမီ(Tsunami)တို့ကြောင့် အကြီးစားပျက်စီးမှုများကို မကြာခဏရင်ဆိုင်ရသည်။

ဂျပန်နိုင်ငံ၏ အဆောက်အအုံများသည် တည်ဆောက်မှုစံနှုန်းမြင့်မားသောကြောင့် ငလျင်ဒဏ်အား ကောင်းစွာခံနိုင်ရည်ရှိကြသည်။ အရေးပေါ်တုံ့ပြန်မှုစနစ်တွင်လည်း ပြည်သူများအသုံးပြုနေသော မိုဘိုင်းဖုန်းများသို့သတိပေးစနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ပေးလျက်ရှိသည်။ ငလျင်သဘာဝဘေးကာကွယ်ရေးအတွက်လည်း ဆောင်ရန်/ရှောင်ရန်များအား ကြိုတင်လေ့ကျင့်ထားသည်။

၂၀၂၄ ခုနှစ်တွင် နိုတိုဒေသငလျင်(Noto earthquake)သည် ဂျပန်နိုင်ငံ အစ်ရှိကာဝါဒေသ၌ ရစ်ခ်တာစကေး (Richter scale) ၇ ဒသမ ၆ အဆင့်ဖြင့် နောက်ဆုံးလှုပ်ခတ်ခဲ့သော မြေငလျင်ဖြစ်သည်။ ၎င်းငလျင်ကြောင့် ထိုဒေသတွင် အိမ်ခြေရာထောင်ချီပျက်စီး၍ လူဦးရေ ၂၀၀ ကျော်သေဆုံးခဲ့သည်။ ပညာရှင်များက အခြေခံပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တစ်နှစ်မှသုံးနှစ်ခန့် အချိန်ကြာမြင့်နိုင်ကြောင်း၊ စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများပြန်လည်ထူထောင်မည်ဆိုပါက အချိန်ကာလအားဖြင့် ငါးနှစ်ခန့်ကြာမြင့်မည်ဟု ခန့်မှန်းကြသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ(Rehabilitation Works)အတွက် ကြာမြင့်ချိန်မှာ ပျက်စီးမှုအဆင့်၊ နေရာဒေသနှင့် အစိုးရ/အဖွဲ့အစည်းများ၏တုံ့ပြန်မှုအပေါ်မူတည်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတစ်ခုပင်လျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဤမျှအချိန်ယူရလျှင် ဖွံ့ဖြိုးရန်အားယူဆဲ ကျွန်ုပ်တို့နိုင်ငံ၏ ထူထောင်ရေးလုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ အချိန်ယူရပါလိမ့်မည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**

ဤနေရာတွင် အလျဉ်းသင့်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အရေးပေါ်တုံ့ပြန်မှု ထူထောင်မှုနှင့် လှူဒါန်းမှုများအား ဖော်ပြလိုသည်။ ထိုငလျင်လှုပ်ခတ်စဉ်က စာရေးသူသည် နေပြည်တော်နယ်စပ်ရေးရာဝန်ကြီးဌာန **နတလ**(ရုံးချုပ်)၌ရှိနေခဲ့သည်။ ငလျင်လှုပ်ခတ်နေစဉ် ဝန်ထမ်းများအား အန္တရာယ်ကင်းစေရန်သတိပေးရင်း ဦးခေါင်းဒဏ်ရာရခဲ့သည်။ ထိုဒဏ်ရာနှင့်ပင် ငလျင်တုံ့ပြန်ရေး၊ ထူထောင်ရေးလုပ်ငန်းများအပြင် ပေးအပ်သောတာဝန်များကို အားအင်အပြည့်ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်မှာ အမှတ်တရပင်။

ငလျင်လှုပ်ပြီး နာရီပိုင်းအတွင်းမှစတင်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် မိမိဝန်ထမ်းများနှင့် ဆုံးရှုံးခဲ့ရသောမိသားစုဝင်များအတွက် အရေးပေါ်ကိစ္စရပ်များကို အမြန်ဆုံးစီမံခန့်ခွဲပေးနိုင်ခဲ့သည်။ ပြိုကျသည့်ဝန်ထမ်းနေထိုင်သော တိုက်များရှိရာ မြေပြင်သို့အမြန်ဆုံးရောက်အောင်သွားခဲ့ကြသည်။ တိုက်ပိ၊ တိုက်ပြိုကျသော မိသားစုများကို ကယ်ထုတ်ရေးလုပ်ငန်းများအား ချက်ချင်းကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၂၆ သို့ ■

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

# အနော်ရထာချစ်တဲ့ ကင်းတားမြေ

❖ သတင်းအကျော်မဟာ ပြန်လည်စစ်လိုက်ပြန်တော့
မင်းအနော်ရထာ အမှန်တကယ် ချစ်ခဲ့ပေသပေ့ါ
မြနှစ်အသွင် စိုစိုဝင်းတဲ့ပြင်
လယ်တွင်းမြေ တိုးပြိုင်လှစေဖို့
ကိုးခရိုင်ဆို သည်ဒေသမှာကွဲ့
မိုးဖြိုင်သလို ဆည်တွေစခဲ့ပါသတဲ့
ရှေးခေတ်က ကင်းတားမြေ။

❖ သည်ယနေ့မှာလည်း
ကြည်မွေ့စရာ သတင်းစကားတွေနဲ့
ကင်းတားမြေ ရှုမဆုံးပါကလား
**"မိုးအဖုံး မြေအထဲ**
**သည်မှာပဲ မွေ့လျော်**
**သည်မြေပေါ် အခြေချ**
**သည်ရပ်က မခွာချင်"**
သည်မျှပင် အသွင်တင့်ခဲ့ပြီပေ့ါ
ပင်မြင့်စုံ သဇင်ပန်းတွေက
ရင်နှင့်အောင် မွှေးကြိုလန်းပါဘိ
စိမ့်စမ်း သီတာမြောင်းနဲ့
ကြည်ပြာရောင် တောင်နဲ့တောမှာလည်း
ပေါလိုက်တဲ့ရေ . . .။
သြော် . . .
သဘောခြိုက်ဖွယ့်ပေ။

❖ ခါတစ်ခေါက်ရယ်ဖြင့်
အရောက်ကယ် လာစေချင်ရဲ့
နှစ်ယောက်ကွယ် အတူယှဉ်တွဲပါလို့
ကျောက်ဆယ်(ဆည်) ကူမဲဆီသို့
ဖြူအသည်းမှာ အချစ်ပွားတဲ့ပြင်
မြစ်သား နယ်မြေမှာလည်း
လယ်တွေဟာ ဆည်ရေသောက်ပြီမို့
ဖြိုးမောက်စွာ ရတနာသိုက်တွေနဲ့
သာလိုက်တဲ့ ကင်းတားမြေ
စည်လိုက်ပေ တစ်အား။

❖ **"ကင်းတားနေခြည်"**
**"ကင်းတားလေပြည်"**
**"ကင်းတားရွှေရည်"** တဲ့
သည်မြေဆီ သည်ရှုခင်းမှာဖြင့်
သင်းပျံ့စည် တမာရနံ့တွေနဲ့
ဝင်းဖန့်ကြည် နံ့သာဖြန့်လေသလား
အနံ့စုံ မြန့်ဂုဏ်ကျင်းလေတော့
သတင်း အကျော်မဟာ သည်တစ်ခေတ်ဆန်းပြီမို့
မင်းအနော်ရထာ ပြည်ချစ်ပန်းကိုဖြင့်
မြင်စမ်းစေချင်ပါလှတယ်
လွမ်းတ မိတကား။ ။

**မြင်းမူမောင်နိုင်မိုး**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ အမှတ်တရနေ့ရက်များ
၄။ ၁၁:၀၀ ပြည်သူ့ကြားကပြည်သူ့စကား
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၃:၀၀ ဝေမျှဆွေးနွေးပြည်သူ့အရေး
၇။ ၁၄:၀၀ သတင်းသုံးသပ်ချက်
၈။ ၁၅:၀၀ ဇာတ်လမ်းတို
၉။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၀။ ၁၈:၃၀ **CGTN Nature အပိုင်း(၁၅)**
၁၁။ ၁၉:၀၀ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

## MWD Variety Channel

၂-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၀:၃၅ ရောင်စုံပျံ့သင်းစာပန်းခင်း
၃။ ၁၁:၃၀ သုတေသနမှသည် . . . သမိုင်းမှတ်တိုင်ဆီသို့
၄။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆:၃၅ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်

■ **စာမျက်နှာ ၂၅ မှအဆက်**

ကွယ်လွန်သူမိသားစုများအား နှစ်သိမ့်အားပေးကူညီသည်။ ဝန်ထမ်းများ စားသောက်ရေး၊ နေထိုင်ရေးအတွက် အရေးပေါ်စီစဉ်ပေးခဲ့သည်။ ဝန်ထမ်းများနှင့်အတူ ထမင်းထုပ်မျှဝေ၍ လက်ရည်တစ်ပြင်တည်း အတူစားခဲ့ကြသည်။ နေ့စဉ်လိုလို မိသားစုဝင်များရှိရာ Camp များ၌ ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆုံးရှုံးမှုများနှင့်လိုအပ်ချက်များအား အသေးစိတ်မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

သင်္ကြန်ကာလပြီးလျှင် မိုးကျတော့မည်ဖြစ်သဖြင့် ယာယီဘာရာအဆောက်အအုံများကို အချိန်မဆိုင်းဘဲ အင်ဂျင်နီယာဌာနအား တာဝန်ပေးစတင်ဆောက်လုပ်စေခဲ့သည်။ ပြောင်းရွှေ့နေထိုင်မှု၊ စားသောက်မှု၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ အိမ်သာများ၊ စွန့်ပစ်ပစ္စည်းများအတွက် အမှိုက်ကန်များ စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့် ငလျင်လှုပ်ပြီးနှစ်လအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ အရာထမ်း/အမှုထမ်းမိသားစုဝင်များအား ပတ္တမြားအိမ်ရာနှင့်ကျောက်စိမ်းအိမ်ရာများတွင် စနစ်တကျနေရာချထားပေးနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် မေလကုန်တွင် သန့်ရှင်းသပ်ရပ်သော အမိုးအကာအောက် လုံလုံခြုံခြုံရောက်ရှိခဲ့လေပြီ။ ဝန်ထမ်းမိသားစုများအားလုံး၏ စိတ်နှလုံးကို အေးချမ်းစေခဲ့သည်။

ထို့ကြောင့် ငလျင်ကာလအတွင်းမှာပင် ဝန်ကြီးဌာန၏ **"နယ်စပ်ဒေသတွင် လူမှုစီးပွားဘဝအခြေခံ အဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရမည်/ နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရမည်"**ဟူသည့် မူရင်းလုပ်ငန်းတာဝန်များအား လစ်ဟင်းမှုမရှိ ပျော်ရွှင်အေးချမ်းစွာဆောင်ရွက်နိုင်ခဲ့သည်။

**မဏ္ဍိုင်ကြီးသုံးရပ်**

၃၀-၅-၂၀၂၅ ရက်က ပြုလုပ်ခဲ့သော **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ"** (Rebuilding Myanmar: post Earthquake Economic Recovery) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက လမ်းပြမြေပုံတစ်ခုအုတ်မြစ်ချပေးခဲ့သည်။ ဆောင်ရွက်သင့်သည့်မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည်။

ပထမမဏ္ဍိုင်အဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး (Humanitarian relief and social protection)၊ ဒုတိယမဏ္ဍိုင်အဖြစ် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးပြန်လည်ရှင်သန်ခြင်း (Infrastructure reconstruction and economic revival)နှင့် တတိယမဏ္ဍိုင်အဖြစ် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ (Reform anchored in resilience and inclusivity) စသည်တို့ဖြစ်သည်။

ပထမမဏ္ဍိုင်နှင့်ပတ်သက်၍ ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ဒုတိယမဏ္ဍိုင်နှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့်လူမှုဝန်းကျင်ပြန်လည်တည်ဆောက်နိုင်ရေး လမ်းညွှန်ခဲ့သည်။

ယခုဆိုလျှင် ငလျင်ဖြစ်ရပ်ဆိုးဖြစ်ခဲ့သည်မှာ ခုနစ်လတာကာလခရီးရောက်ခဲ့ပေပြီ။ နိုင်ငံတော်သည် မိုးကာလအတွင်းမှာပင် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ရပ်တန့်မနေခဲ့။ တာဝန်ရှိသူများသည်လည်း ငလျင်ဒဏ်ခံရသောဒေသများသို့ အကြိမ်ကြိမ်ရောက်ခဲ့သည်။ ထိုခရီးတွင် ပျက်စီးနေသောလမ်းများ၊ တံတားများကို ပြန်လည်ဖောက်လုပ်မွမ်းမံပြီး လိုအပ်သည့်ကိစ္စရပ်မှန်သမျှ ဖြည့်ဆည်းပေးခဲ့သည်။ ပြိုလဲသွားသောနေအိမ်နေရာများတွင် အခန်းများ ပြန်လည်ထူထောင်နေကြသည်ကို တွေ့မြင်နေရသည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နေပေပြီ၊ စာသင်ကျောင်းများကိုလည်း ပြန်လည်ပြုပြင်ပြီးဖြစ်သဖြင့် ကလေးငယ်များ၏ ရယ်မောသံများ၊ စာအံသံများ ပြန်လည်ကြားနေရပေပြီ။

ယခု အောက်တိုဘာလ၊ နိုဝင်ဘာလဆိုသည်မှာ မိုးနှောင်းကာလ၏ လန်းဆန်းမှုနှင့်ဆောင်းကြိုကာလ၏အေးမြမှုတို့ရောယှက်ခံစားရသည့် ပွင့်လင်းရာသီပင်ဖြစ်သည်။ ပွင့်လင်းရာသီတွင် ထူထောင်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးနှင့် ပြန်လည်ရှင်သန်ရေးလုပ်ငန်းများကို ပို၍လျင်မြန်စွာဆောင်ရွက်ပေးနိုင်ပေတော့မည်။

**ချစ်သောကမ္ဘာမြေ**

ကမ္ဘာဦးကာလမှစ၍ ကမ္ဘာမြေပေါ်တွင် လူသားတို့နေထိုင်ခဲ့ကြ၏။ ခေတ်အဆက်ဆက် ကျွန်ုပ်တို့၏ စားစရာအတွက် ကမ္ဘာမြေကိုထွန်ယက်စိုက်ပျိုးခဲ့၏။ နေစရာအတွက် ကမ္ဘာမြေကို ခုတ်ထွင်ရှင်းလင်းခဲ့၏။ ဝတ်စရာအတွက်လည်း ကမ္ဘာမြေကိုအသုံးပြုခဲ့၏။ ကျန်းမာရေးအတွက် ဆေးဝါးဓာတ်စာဖြစ်သော ကမ္ဘာမြေမှသစ်ဥသစ်ဖုများကိုတူးဆွခဲ့ကြ၏။ တိရစ္ဆာန်များသည်လည်း ကမ္ဘာမြေကိုအမှီပြုကာ နေထိုင်ကြ၏။ ကမ္ဘာမြေကား ကျွန်ုပ်တို့ကိုပေးမြဲပေးလျက်၊ ကျွေးမြဲကျွေးလျက်ရှိချေ၏။ အပြုံးမပျက်ခဲ့။ ထို့ကြောင့် ကမ္ဘာမြေကြီးကို မပျက်စီးစေရန်၊ ထိန်းသိမ်းရန် လူသားအားလုံး၌တာဝန်ရှိသည်။

ကမ္ဘာမြေကြီးနှင့် လူသားဘဝတို့သည် ထာဝရဖြစ်တည်နေပေလိမ့်မည်။ ငလျင်ဆိုသည်မှာကား တဒင်္ဂမျှသာလျှင်ဖြစ်ပေ၏။ ထာဝရဆိုသော်လည်း တည်တံ့ခိုင်မြဲခြင်းနှင့်မပြောင်းလဲခြင်းကို ဆိုလိုသည်မဟုတ်။ ထာဝရသည် ပြောင်းလဲနေခြင်းနှင့်တကယ့်တည်တံ့မှုတို့၏ပေါင်းစပ်မှုတစ်ခုဖြစ်သည်။


**ရွှေရောင်အနာဂတ်**

မန္တလေးငလျင်ကြီးသည် ဝမ်းနည်းခြင်း၊ ဆုံးရှုံးခြင်းများယူဆောင်လာသည်မှာ အမှန်ပင်။ သို့သော် ပြည်သူအားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုနှင့် နိုင်ငံတော်၏မေတ္တာ၊ စေတနာ၊ ကရုဏာတရားတို့ ပိုမိုတောက်ပြောင်စေသည့် အဖြစ်အပျက်မှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်လေသည်။


လှုပ်ရှားမှုတိုင်းတွင် လူသားတို့၏အရှုံးမပေးသောစိတ်ဓာတ်၊ စုပေါင်းညီညွတ်မှု၏အင်အားနှင့်မျှော်လင့်ချက်အလင်းရောင်တို့က ထင်ဟပ်နေသည်။ ဤသည်မှာ မည်သို့ပင် ကြီးမားသောဘေးဒုက္ခနှင့်ကြုံတွေ့ပါစေ လူသားတို့သည် ပြန်လည်ထကြွရှင်သန်နိုင်စွမ်းရှိကြောင်း ထင်ရှားသည့် သက်သေပင်ဖြစ်သည်။ ပြိုလဲသွားသော အုတ်တစ်ချပ်ချင်းစီကို ပြန်လည်တည့်မတ်နေကြသောလက်များသည် နိုင်ငံချစ်စိတ်အခြေခံသော ပြည်သူတို့၏ ဇွဲ၊ ဝီရိယနှင့်နိုင်ငံတော်၏မေတ္တာတို့ဖြင့် ပြည့်နှက်နေပါသည်။

ပြန်လည်တည်ဆောက်ရေး ခရီးလမ်းသည် ရှည်လျားဦးမည်ဖြစ်သော်လည်း ယခု ခုနစ်လအတွင်း ရရှိခဲ့သည့်တိုးတက်မှုများမှသည် အနာဂတ်အတွက် ယုံကြည်ချက်နှင့်မျှော်လင့်ချက်အစစ်များကို ပေးစွမ်းနိုင်ခဲ့သည်။ ပိုမိုရှင်သန်လှပသောရွှေရောင်အနာဂတ်ကို ပိုင်ဆိုင်ကြရမည်မှာ မလွဲဧကန်ဖြစ်မည်ဟု ယုံကြည်မိပါတော့သည်။ ။


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂-၁၁-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၁၁-၂၀၂၅ ရက်နေ့မှ ၅-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၆-၁၁-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




❖ **ကျောဖုံးမှအဆက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေကျ

ရန်ကုန် နိုဝင်ဘာ ၁

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ပထမနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ YUSC ကွင်း၌ပြုလုပ်ရာ သစ္စာအားမာန်အသင်းနှင့်ရာမညယူနိုက်တက်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။



ပွဲစသည်နှင့် သစ္စာအားမာန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးယူ၍ တိုက်စစ်ဖွင့်ကာ ပြိုင်ဘက်အသင်းကို ဖိအားပေးကစားခဲ့သည်။ ရာမညအသင်းသည် ခံစစ်ကစားရင်း တန်ပြန်တိုက်စစ်ဖြင့် ပြိုင်ဘက်ဂိုးဧရိယာကို ထိုးဖောက်ကစားခဲ့ကြသည်။ နှစ်ဖက်ကစားသမားများ အပြန်အလှန်ဂိုးခြိမ်းခြောက်မှုများရှိခဲ့သော်လည်း နောက်တန်းကစားသမားများ၏ ဟန့်တားဖျက်ထုတ်နိုင်မှု၊ နှစ်ဖက်ဂိုးသမားတို့၏ကာကွယ်ဖမ်းယူနိုင်မှုတို့ကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်ပဲရှိသည်။ ပထမပိုင်းပွဲကစားချိန်ပြီးခြောက်၍ နာကျင်အချိန်ပိုတွင် ရရှိသည့်အခွင့်အရေးကိုအသုံးချပြီး ဖူးခန့်ကျော်က ရာမညအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ၁ ဂိုး ဂိုးမရှိဖြင့် ပထမပိုင်းပြီးဆုံးသွားခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့်သစ္စာအားမာန်အသင်းသည် တိုက်စစ်ကစားသမားများ အပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်မြှင့်ကာ ပြိုင်ဘက်ကိုဖိအားပေးကစားခဲ့သလို ရာမညယူနိုက်တက်အသင်းကလည်း ကစားသမားအပြောင်းအလဲပြုလုပ်ပြီး ခံစစ်ကိုပိုမိုခိုင်မာအောင်အားဖြည့်ကစားခဲ့သည်။ ချေပဂိုးရရှိရေးနှင့် ဦးဆောင်ဂိုးထပ်မံရရှိရေး နှစ်ဖက်ကစားသမားများအကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရင်း ရာမညယူနိုက်တက်မှ ကစားသမားနှစ်ဦး အနီကတ်ဖြင့်အထုတ်ခံခဲ့ရသည်။

သစ္စာအားမာန်အသင်း ချေပဂိုးရရှိရေး တစ်သင်းလုံးတက်ကာ ရာမညအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း အချိန်အတန်ကြာသည့်တိုင် ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိဘဲရှိသည်။ ရာမညကစားသမားများကလည်း ရှေ့တန်းတွင်တန်ပြန်တိုက်စစ်အတွက် နှစ်ယောက်သာထားပြီး ကျန်ကစားသမားအားလုံး နောက်တန်းခံစစ်တွင်ပိတ်ဆို့ဟန့်တားကစားခဲ့ကြသည်။ ယှဉ်ပြိုင်ရင်း ဒုတိယပိုင်းပွဲကစားချိန် ပြီးဆုံး၍ နာကျင်အချိန်ပိုတွင်ပြည့်စုံအောင်က သစ္စာအားမာန်အသင်းအတွက်ချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးသွားသည်။

မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ဒုတိယနေ့တွင် ရတနာပုံအသင်းနှင့် ဒဂုံပေါ့အသင်းတို့သည် သန်လျင်မြို့ သီဟဒီပကွင်း၌လည်းကောင်း၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည်သုဝဏ္ဏကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ဦးစောနိုင် ၇/ပခန(နိုင်)၀၃၇၄၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၅၄၂၆၆

**ပျောက်ဆုံးကြောင်း**
မစွမ်းဟို(ဘ)ဦးထွန်းအောင် ၆/ကသန(နိုင်)၀၅၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အ.လ.က ကျိုက်ပဒိုင်ကြီးကျောင်းမှ ဒုမူလတန်းပြ ဒေါ်ဖွာဖွာမိုး ၇/သနပ(နိုင်) ၀၆၆၅၀၇ ၏ဖခင် ဦးဟန်စိန်(ခ)ဦးဟံစိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဟန်စိန်(ခ)ဦးဟံစိန်

**ပျောက်ဆုံးကြောင်း**
ရပ်ကွက်(၁၂)၊ နယ်မြေ(၁၈)၊ လားရှိုးမြို့နေ ကျော်ဝင်း(ဘ)ဦးလီဖာအော် ၁၃/လရန(နိုင်)၂၆၅၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 002616)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၂၅၉၉၀၈

**ပျောက်ဆုံးကြောင်း**
အိသန္တာမောင်(ဘ)ဦးမောင်မောင်နိုင် ၁၂/သလန(နိုင်)၁၇၈၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 925545)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၀၈၆၉၃၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ)ဝဲပြန်ကျောင်းမှ လက်ထောက် မူလတန်းပြ ဒေါ်သန္တာဝင်း ၇/သနပ(နိုင်) ၁၃၀၅၁၄ ၏ဖခင် ဦးမောင်ကျော်(ခ)ဦးကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးမောင်ကျော်(ခ)ဦးကျော်

**ပျောက်ဆုံးကြောင်း**
ဖြိုးဝေလှိုင်(ဘ)ဦးကျော်လွင် ၆/ပလန(နိုင်)၁၀၄၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 773669)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သံလွင်ရပ်ကွက်၊ လားရှိုးမြို့နေ ဖန်ဟွက်(ဘ)ဦးရှောင်းလောင်း ၁၃/လရန(နိုင်)၀၅၅၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၉၉၅၀၀၆

## အလိမ္မာစာမှာရှိ

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၁၆)နေ ဦးသိန်းထွန်းမောင်(ဘ)ဦးစံထွန်း ၁၁/စတန(နိုင်)၀၅၅၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(445539)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၅၈၅၉၉၃

**ပျောက်ဆုံးကြောင်း**
လော်ဆီတန်ရွာ၊ တာမိုးညဲ ကွတ်ခိုင်မြို့နေ ဂျိန်ကော်မေ(ဘ)ဦးဂျိန်ကျားဖို ၁၃/ကခန(နိုင်)၁၄၄၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 799944)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၈၀၉၃၀၉

**ပျောက်ဆုံးကြောင်း**
ရပ်ကွက်(၇)၊ နယ်မြေ(၁၇)၊ လားရှိုးမြို့နေ တင်တင်မြ(ဘ)တာမီကွေး ၁၃/လရန(နိုင်)၀၈၆၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 058448)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၈၂၀၇၄၀

# ပရီးမီးယားလိဂ် ဘွန်ဒက်စ်လီဂါနှင့် စီးရီးအေအမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်




## ဝက်စ်ဟမ်း Vs နယူးကာဆယ်

**ကစားမည့်ရက် / အချိန်**

(၂-၁၁-၂၀၂၅ ရက် ည ၈:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| နယူးကာဆယ် | ၄ - ၃ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၀ - ၂ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၀ - ၁ | နယူးကာဆယ် |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဝက်စ်ဟမ်း | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| နယူးကာဆယ် | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ဝက်စ်ဟမ်း ၂ - ၁ နယူးကာဆယ်

ပရီးမီးယားလိဂ်ကိုးပွဲကစားအပြီး ရမှတ်လေးမှတ်သာရရှိထားတဲ့ ဝက်စ်ဟမ်းအသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအဆိုးရွားဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ကိုးပွဲကစားရာမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ တန်းဆင်းဇုန်အတွင်း အမှတ်ပေးဇယားအဆင့်(၁၉)နေရာမှာ ရပ်တည်နေတာကြောင့် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပေမယ့် လက်ရှိ နည်းပြနူနိုဆန်းတို့စ်ရဲ့လက်အောက်မှာလည်း နိုင်ပွဲတွေပျောက်ဆုံးနေဆဲဖြစ်ပါတယ်။ ကစားသမားတွေရဲ့ စွမ်းဆောင်ရည်တွေနဲ့ အသင်းရဲ့ရလဒ်ပိုင်းတွေကျဆင်းနေကာ ပြိုင်ပွဲစုံနောက်ဆုံး ၁၀ ပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားပြီး ရှစ်ပွဲရှုံးနိမ့်ထားတာကြောင့် အခုပွဲစဉ်မှာလည်း ရလဒ်ကောင်းဖို့ခက်ခဲနေဦးမှာပါ။ ဒါပေမဲ့ ဝဲလ်ဆန်၊ ပါကွီတာ၊ ဘိုဝင်တို့လို အဓိကကစားသမားတွေအနေနဲ့လည်း အသင်းရဲ့ လက်ရှိစွမ်းဆောင်ရည်နဲ့ နယူးကာဆယ်လိုအသင်းကို ဖိအားပေးကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

နယူးကာဆယ်အသင်းကလည်း လက်ရှိခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေပြီး ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက်အနိုင်ရခဲ့တယ်ဆိုပေမယ့် အဲဒီသုံးပွဲကအိမ်ကွင်းပွဲစဉ်တွေသာဖြစ်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ်အဝေးကွင်း နောက်ဆုံးပွဲစဉ်မှာ ဘရိုက်တန်အသင်းကို ၂ ဂိုး-၁ ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းက ဒီဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ကိုးပွဲကစားအပြီး သုံးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဝေးကွင်းနိုင်ပွဲတော့ မရရှိသေးပါဘူး။ အဝေးကွင်းလေးပွဲမှာ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကြောင့်လည်း အခုပွဲစဉ်မှာ ဖိအားများနေတဲ့ ဝက်စ်ဟမ်းအသင်းရဲ့ တိုက်စစ်ပိုင်းကို ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေဦးမှာပါ။

သူတို့နှစ်သင်းရဲ့ လက်ရှိခြေစွမ်းပိုင်းအနေနဲ့ နယူးကာဆယ်အသင်းက အသာစီးရရှိနေတယ်ဆိုပေမယ့် ဝက်စ်ဟမ်းအသင်းနည်းပြ နူနိုဆန်းတို့စ်အနေနဲ့လည်း အသင်းကို ပထမဆုံးနိုင်ပွဲရရှိအောင် အခုအိမ်ကွင်းပွဲစဉ်မှာ အကောင်းဆုံးကြိုးစားကစားလာပါလိမ့်မယ်။ ဒါ့ပြင် လက်ရှိမှာ နယူးကာဆယ်အသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းကလည်း စိတ်ချလို့မရသေးတာကြောင့် ဝက်စ်ဟမ်းအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

## ကိုလုံး Vs ဟမ်းဘတ်

**ကစားမည့်ရက် / အချိန်**

(၂-၁၁-၂၀၂၅ ရက် ည ၉:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ကိုလုံး | ၄ - ၀ | ဟမ်းဘတ် |
| ကိုလုံး | ၁ - ၃ | ဟမ်းဘတ် |
| ဟမ်းဘတ် | ၁ - ၀ | ကိုလုံး |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ကိုလုံး | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| ဟမ်းဘတ် | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |

**ခန့်မှန်းရလဒ်**

ကိုလုံး ၁ - ၁ ဟမ်းဘတ်

ကိုလုံးနဲ့ ဟမ်းဘတ်အသင်းတို့က ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကိုလုံးအသင်းအနေနဲ့ ရှစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားပြီး ရမှတ် ၁၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေသလို ဟမ်းဘတ်အသင်းကလည်း ရှစ်ပွဲကစားအပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ လက်ရှိမှာ ကိုလုံးအသင်းအနေနဲ့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာဖြစ်ပြီး ဘွန်ဒက်စ်လီဂါ နောက်ဆုံးငါးပွဲမှာလည်း တစ်ပွဲသာအနိုင်ရထားတာကိုတွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီ ဘွန်ဒက်စ်လီဂါ(၂)မှာ ချန်ပီယံအဖြစ်နဲ့ တန်းတက်လာခဲ့တယ်ဆိုပေမယ့် လက်ရှိမှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ တိုက်စစ်ပိုင်းအနေနဲ့လည်း ဂိုးရဖို့ ရုန်းကန်နေရပါတယ်။ ပြီးခဲ့တဲ့ကြားရက် ဂျာမန်ပိုကယ်ဖလားပွဲစဉ်မှာလည်း ဘိုင်ယန်မြူးနစ်အသင်းကို ၄ ဂိုး-၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲကထွက်ခွာခဲ့ရသလို သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ အိမ်ကွင်းနိုင်ပွဲတစ်ပွဲသာ စွမ်းဆောင်ထားနိုင်တာကို တွေ့ရပါတယ်။

ဟမ်းဘတ်အသင်းကလည်း ပြီးခဲ့တဲ့ကြားရက် ဂျာမန်ပိုကယ်ဖလားပွဲစဉ်မှာ ဘွန်ဒက်စ်လီဂါ(၂) ကလပ် ဟိုက်ဒမ်ဟိမ်းအသင်းကို အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် လက်ရှိမှာ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲစဉ် နှစ်ပွဲဆက်ရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် အဝေးကွင်းလေးပွဲကစားပြီးချိန်မှာလည်း နိုင်ပွဲမရရှိသေးဘဲ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ပေးဂိုး ခုနစ်ဂိုးရှိထားတာကြောင့် အခုကိုလုံးအသင်းနဲ့ပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ အဘက်ဘက်က အသာစီးရယူကစားနိုင်ဖို့ ခက်ခဲလာဦးမှာပါ။ ပြီးခဲ့တဲ့ ဝုဖ်ဘတ်အသင်းနဲ့ အမှတ်ပေးပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုနဲ့ ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့ပေမယ့် ချေပဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့တာကို ကြည့်ရင် ဒွန်ပီ၊ ဖီးလစ်ပီ၊ ရမ်းဘတ်တို့လို အဓိကကစားသမားတွေ ခြေစွမ်းပိုင်းဆိုးရွားနေတယ်လို့ ဆိုရမှာပါ။




ဒါ့ပြင် ဒီနှစ်သင်းအနေနဲ့ ဘွန်ဒက်စ်လီဂါ နောက်ဆုံးခုနစ်ပွဲတွေ့ဆုံထားပြီး ဟမ်းဘတ်အသင်းက ငါးကြိမ်အနိုင်ရထားပါတယ်။ ဒါ့ပြင် ကိုလုံးအသင်းအနေနဲ့ အိမ်ကွင်းမှာ ဟမ်းဘတ်အသင်းကို ညှော်ခံကစားရတဲ့ပွဲစဉ်တိုင်းမှာ ခြေစွမ်းပိုင်းက ရုန်းကန်ရတဲ့အစဉ်အလာရှိတာကြောင့် အခုပွဲစဉ်မှာလည်း အနည်းဆုံးသရေရလဒ်ရရှိအောင် ကစားနိုင်မယ့် ဟမ်းဘတ်အသင်းကိုပဲ အားပေးရမှာပါ။

## တိုရီနို Vs ပီဆာ

**ကစားမည့်ရက် / အချိန်**

(၂-၁၁-၂၀၂၅ ရက် ည ၈:၃၀ နာရီ)

**နောက်ဆုံးနှစ်ပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| တိုရီနို | ၁ - ၀ | ပီဆာ |
| တိုရီနို | ၄ - ၀ | ပီဆာ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| တိုရီနို | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ပီဆာ | အိမ်(သရေ) | ဝေး(သရေ) | အိမ်(သရေ) |

**ခန့်မှန်းရလဒ်**

တိုရီနို ၁ - ၀ ပီဆာ

လက်ရှိစီးရီးအေပြိုင်ပွဲမှာ တိုရီနိုအသင်းအနေနဲ့ ကိုးပွဲယှဉ်ပြိုင်ကစားထားပြီး သုံးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ကြားရက်မှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘိုလော့ဂ်နာအသင်းကို အဝေးကွင်းမှာ ဂိုးမရှိသရေရလဒ်ကစားနိုင်ခဲ့တဲ့ပွဲစဉ်အပါအဝင် နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်မှုမရှိအောင် ကစားထားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့ပြင် သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီမှာ ခံစစ်ပိုင်းပြန်လည်ကောင်းမွန်လာပြီး နောက်ဆုံးသုံးပွဲမှာ တစ်ဂိုးသာပေးထားရတာကြောင့် ပီဆာလိုအသင်းနဲ့ တွေ့ဆုံမှုမှာလည်း သူတို့အသင်းအနေနဲ့ အဘက်ဘက်က အသာစီးရယူကစားနိုင်ဦးမှာပါ။ ဒီဘောလုံးရာသီမှာ နာပိုလီနဲ့ ရိုးမားအသင်းကို အနိုင်၊ လာဇီယိုအသင်းကို သုံးဂိုးစီသရေရလဒ်ကစားနိုင်ခဲ့တဲ့ သူတို့အသင်းအနေနဲ့ ဒီဘောလုံးရာသီခြေစွမ်းပိုင်းအကောင်းဆုံးလို့တောင် ဆိုရမှာပါ။ နာပိုလီအသင်းနဲ့ပွဲစဉ်မှာ တိုရီနိုအသင်းခံစစ်ကစားသမားတွေရဲ့ စွမ်းဆောင်မှုက အကောင်းဆုံးဖြစ်နေတာကြောင့် အခုပွဲစဉ်မှာ ပီဆာအသင်းအနေနဲ့ တိုက်စစ်ပိုင်း ဂိုးရဖို့တောင် ခက်ခဲနေဦးမှာပါ။

ဒါ့ပြင် တန်းတက်ပီဆာအသင်းအနေနဲ့လည်း ဒီဘောလုံးရာသီ စီးရီးအေကိုးပွဲယှဉ်ပြိုင်ကစားအပြီးမှာ နိုင်ပွဲမရရှိသေးဘဲ ငါးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၇)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိကစားသမားစုဖွဲ့မှုပိုင်း သာမန်သာရှိထားတာကြောင့် ပြိုင်ဘက်အသင်းတိုင်းကို တိုက်စစ်ထက် ခံစစ်ပိုင်းဦးစားပေးကစားနေရသလိုဖြစ်နေပြီး နောက်ဆုံးသုံးပွဲဆက်မှာလည်း ဗီရိုနာ၊ အေစီမီလန်၊ လာဇီယိုအသင်းတို့ကို တန်ပြန်တိုက်စစ်နဲ့သာ ယှဉ်ပြိုင်ကစားခဲ့ရတာပါ။ ဒါပေမဲ့ လက်ရှိအဝေးကွင်းလေးပွဲယှဉ်ပြိုင်ကစားအပြီးမှာ ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးအထိရှိလာတာကြောင့် ဒီရာသီစီးရီးအေအသင်းတွေထဲမှာ ဒုတိယမြောက် ခံစစ်ပိုင်းဆိုးရွားတဲ့အသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရပါတယ်။

သူတို့နှစ်သင်းအနေနဲ့ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံဖူးပြီး တိုရီနိုအသင်းကပဲ နိုင်ပွဲရရှိခဲ့တာပါ။ ဒါ့ပြင် လက်ရှိခြေစွမ်းပိုင်းမှာအသာရနေတဲ့ တိုရီနိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**စည်သူအောင်**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ်ညွှေ့ရိပ်သာ RC (၆)ထပ်အဆောက်အအုံသစ်ဖွင့်

ဘားအံ နိုဝင်ဘာ ၁

ကရင်ပြည်နယ်ကိုလာရောက်ကြမည့် နိုင်ငံတော်အဆင့်အကြီးအကဲများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ အဆင်ပြေစွာ တည်းခိုနိုင်ရန် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၀၆၀ ဒသမ ၆၂၁ သန်းအကုန်အကျခံ၍ အဆောက်အဦအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ကရင်ပြည်နယ် ဧည့်ရိပ်သာ RC(၆)ထပ် အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး စိန်ပန်းပြာလမ်းနှင့်စိန်ပန်းနီလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံသစ်တည်နေရာ၌ ကျင်းပသည်။



ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်ပေးခဲ့သော ကရင်ပြည်နယ်ဧည့်ရိပ်သာ အဆောက်အအုံသန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကော်မတီအလိုက် သက်ဆိုင်ရာဌာနများက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ဦးမြင့်သူက အဆောက်အအုံသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အဆောက်အအုံနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ပြည်နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်၍အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ်ဓာတ်ပုံကားချပ်ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကရင်ပြည်နယ်ဧည့်ရိပ်သာအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဧည့်ရိပ်သာနဖူးစည်းစာတန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသောယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံအတွင်းရှိ ကမ္ပည်းမော်ကွန်းအားဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ အမွှေးနံ့သာရည်များပက်ဖျန်းပေးကြကာ အဆိုပါအဆောက်အအုံအတွင်းရှိအစည်းအဝေးခန်းမ၊ ထမင်းစားခန်း၊ နားနေခန်း၊ VVIP၊ VIP အိပ်ခန်းများ အပါအဝင် စုစုပေါင်းအိပ်ခန်း ၂၉ ခန်း၊ ဓာတ်လှေကား၊ လေအေးပေးစက်၊ ရေပူရေအေးစနစ်၊ Audio Conferencing Sound System၊ Internet၊ CCTV၊ 400 KVA Transformer၊ Back Up Generatorနှင့် မီးဘေးကာကွယ်ရေးစနစ်များ၊ ဝန်ထမ်းများနေထိုင်ရန်နှစ်ခန်းတွဲသုံးထပ်အဆောက်အအုံနှစ်လုံး၊ အခြားဧည့်သည်များတည်းခိုရန် Staff Housing အဆောက်အအုံနှစ်လုံး၊ မီးဖိုဆောင်တစ်လုံး၊ ထမင်းစားဆောင်တစ်လုံး၊ ကွန်ကရစ်လမ်း၊ Car Parking၊ လုံခြုံရေးဂိတ်နှင့်ဘန်ကာလေးလုံးတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃၀ ရက်**တွင် မိုးညှင်းမြို့နယ်၊ မန္တလေး-မြစ်ကြီးနားကားလမ်းအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၂၇)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်နှင့် ရွှေညောင်ပင်ရပ်ကွက်တို့ရှိ ဂိုဒေါင်(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၁၂၈၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၁၈၆၆၈၀၀၀)**ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃၀ ရက်**တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် (သုည ဒသမ ၈၂၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၀၃၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်နှင့် ၂၇ ရက်**တို့တွင် မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **အောက်တိုဘာလ ၃၀ ရက်**တွင် သံရွာပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၃၅၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Pajero (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၃၅၆၀၀)**ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၉ ရက်နှင့် ၃၀ ရက်**တို့တွင် မော်လမြိုင်မြို့၊ ကြာအင်းကျေးရွာရှိ အအေးခန်းဂိုဒေါင် (၁)လုံးနှင့် မြိုင်သာယာတိုးချဲ့ရပ်ကွက်ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၆၃၆၃၄၀၀) ကို အမြန်စီမံခန့်ခွဲရန်လိုအပ်သောကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်များအား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၅၃၆၃၄၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာ၌ တရားမဝင်သစ်မာ (သုည ဒသမ ၄၉၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၇၈၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့်သန်လျင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၇၂၀၇၈၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၈ ရက်**တွင် ပုသိမ်မြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃၁ ရက်**တွင် မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄၂)မျိုးနှင့် လူသုံးကုန်ပစ္စည်း (၁)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၁၃၁၀၇၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Zwe Myint Myat Tun ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ၊ ရှောင်ကွင်းလမ်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၅၃၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၇၂၈၄၅၇၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၂၂ ရက်၊ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၂၉၈၆၃၈၈)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**မြဝတီ**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

### အကြိမ်(၈၀)မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ည - ၉၈၁၆၁၂

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ**

ခ - ၃၁၆၄၃၂    ခ - ၇၅၀၃၇၃

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ**

ခ - ၄၁၀၉၅၄    ဈ - ၇၉၁၂၀၀

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ**

ဇ - ၃၂၇၉၂၉    ဈ - ၅၃၈၄၉၄
ဇ - ၅၀၉၄၀၀    ဈ - ၈၅၀၂၀၅

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ**

င - ၂၈၉၉၉၈    ဃ - ၆၄၇၆၄၃
ဃ - ၃၉၇၇၇၅    က - ၉၃၉၅၁၄
ဈ - ၅၉၅၈၉၆    ဋ - ၉၅၇၂၁၅

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ**

က - ၂၆၂၅၃၂    ဋ - ၃၈၀၇၉၂    ဋ - ၆၄၄၀၈၄
ဋ - ၃၁၁၉၈၀    ည - ၄၂၃၃၆၃    က - ၆၈၈၄၉၀
စ - ၃၄၂၃၄၃    ည - ၄၄၄၇၆၄    က - ၉၅၈၄၅၂

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ**

ဇ - ၂၁၂၁၀၆    ဇ - ၆၇၂၀၆၇
ဇ - ၂၂၃၀၉၉    ခ - ၆၉၇၄၅၉
ဇ - ၃၈၉၄၀၆    ဆ - ၇၅၄၈၀၀
ဇ - ၄၉၈၂၀၇    စ - ၇၅၆၁၈၉
စ - ၅၅၁၄၃၄    ခ - ၈၂၁၀၆၁
ည - ၆၃၀၈၂၇    ဆ - ၈၂၇၈၂၈
စ - ၆၆၁၃၂၂

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀) ဆုများ**

စ - ၁၄၆၄၂၆    ဂ - ၃၅၅၂၈၈    ဇ - ၅၄၄၁၉၃
ဂ - ၂၃၉၉၇၈    ဇ - ၃၈၆၇၄၃    ဂ - ၅၈၅၀၈၅
င - ၂၅၅၄၃၃    ဃ - ၄၁၆၈၂၀    ည - ၇၀၈၆၃၆
စ - ၂၅၉၂၈၄    စ - ၄၄၂၃၇၂    ဈ - ၇၈၆၂၉၆
ဇ - ၃၂၈၃၁၄    ဈ - ၄၅၉၃၅၉    ခ - ၈၄၂၈၉၀
ခ - ၃၅၁၉၃၂    ခ - ၄၆၁၇၀၀    ဋ - ၉၀၂၄၉၁

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ခ - ၁၈၄၂၈၆    ဇ - ၃၈၄၇၃၀    က - ၄၉၈၅၉၂    ဆ - ၆၃၁၅၃၅
ဇ - ၂၀၀၀၆၄    ဃ - ၄၁၃၉၀၅    ဋ - ၅၂၅၃၄၀    ဈ - ၆၈၆၈၀၃
ဋ - ၃၀၇၇၉၃    က - ၄၂၉၆၉၃    ဆ - ၅၆၄၁၆၄    င - ၇၆၄၀၅၆
ဈ - ၃၆၇၈၀၄    ဃ - ၄၄၆၉၃၇    ဇ - ၆၀၀၀၀၅    က - ၉၅၅၇၅၃
ဃ - ၃၇၁၆၂၁    က - ၄၈၃၈၆၁    ည - ၆၀၅၆၅၀    ည - ၉၈၆၀၈၄

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်**

စ - ၁၈၂၇၅    က - ၉၇၉၃၀
ဇ - ၄၁၁၉၂

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၈) ယူနစ်**

ဇ - ၁၂၇၅    စ - ၆၆၈၄
ည - ၂၇၀၂    ဇ - ၆၇၃၈
ဋ - ၃၂၅၉    ဇ - ၇၉၁၂
ခ - ၄၂၃၈    ဈ - ၈၆၉၀

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၅) ယူနစ်**

င - ၃၆၄    ဇ - ၆၆၀    ဆ - ၇၇၉
င - ၄၈၅    ဇ - ၇၄၂

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၆) ယူနစ်**

င - ၅၀    င - ၅၄    ဇ - ၆၈
ဋ - ၅၀    ခ - ၅၇    က - ၉၉

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်**

ဂ - ၈

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

### ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

က - ၃၄၃၈၁၂    ဈ - ၈၀၈၃၉၂
ည - ၅၆၉၆၅၉    ဈ - ၉၂၈၉၆၀

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်**

ဆ - ၅၇၆၄၂    ဇ - ၅၉၁၇၂

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်**

ဋ - ၂၀၀၆
ဋ - ၄၁၈၈

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်**

ဈ - ၁၉၁
ဇ - ၆၆၈

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် အကြိမ် (၈၀) မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၆၅၉၀၅) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၆၅၉၀၅) ဦးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၈၁) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဋ) အက္ခရာထိ အက္ခရာ (၁၁) လုံးဖြစ်ပါသည်။

၃။ အကြိမ်(၈၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၅-၁၁-၂၀၂၅) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃-၁၁-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၄ ရက်နေ့တွင်ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သီပေါမြို့၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်၊ ကျောက်မဲမြို့ ပြည်သူ့ဆေးရုံဖွင့်လှစ်





ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးဆိုင်းဘုတ်အား တာဝန်ရှိသူတစ်ဦးက အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာယခုအခါ သီပေါမြို့၌ **စာမျက်နှာ ၁၆ ကော်လံ ၃** ■




## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နေပါသည်။

(မိုး/ဇလ)

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## အထူးမိုးလေဝသ သတင်း

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာလ ၂ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၇ ကော်လံ ၁** ❖

## ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲ အုပ်စုပြိုင်ပွဲတွင် မြန်မာ Falcon အသင်း အိမ်ရှင်ထိုင်းကလပ်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ




ရန်ကုန် နိုဝင်ဘာ ၁

ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲ အုပ်စုပြိုင်ပွဲတတိယနေ့ကို ယနေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားပြု Falcon အသင်းက ထိုင်းကလပ် ဘီဂျီ ပါသွန်ယူနိုက်တက်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပြိုင်ပွဲတွင် မြန်မာ Falcon အသင်းသည် **စာမျက်နှာ ၁၆ ကော်လံ ၁** ◆



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563